# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက် နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၆၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးဆလိုင်းခွဲယန်၊ ချင်း (၁၂)၊ နေမကောင်း၊ ဦးတင်မောင်ဝင်း၊ မန္တလေး (၃)၊ နယ်မြေကွင်းဆင်း၊ ဦးစိုင်းသန့်ဇင်၊ ရှမ်း (၄)၊ ကိုယ်ရေးကိုယ်တာ၊ ဦးကျော်သိန်း၊ မွန် (၄)၊ နေမကောင်း၊ ဦးမောင်အေးထွန်း၊ ရခိုင် (၉)၊ နေမကောင်း၊ ဦးပိုးရယ်အောင်သိန်း၊ ကယား (၈)၊ ရိုးရာပွဲတော်၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း (၇)၊ ကျန်းမာရေး၊ ဦးထွန်းဇော် (ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ မိသားစုကိစ္စ၊ ဦးသန်းဆွေ၊ မကွေး (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဇုန်လှယ်ထန်း၊ ချင်း (၂)၊ နေမကောင်း၊ ဦးကျော်ကျော်၊ ရခိုင် (၂)၊ သမီးနေမကောင်း၊ ဦးဖေသောင်း၊ ကချင် (၆)၊ မိသားစုကျန်းမာရေး၊ ဦးစိုးဟန်လင်း၊ ဧရာဝတီ (၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းအောင် (တပ်မတော်)၊ အရေးကြီးတာဝန်၊ ဗိုလ်မှူးကျော်နိုင်ဌေး (တပ်မတော်)၊ ကျန်းမာရေး၊ ဦးကြည်ထွန်း၊ မကွေး (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးညီညီထွန်း၊ မွန် (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့

ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တောင်ကြီးမြို့နယ်၊ ကျောင်းကြီးစုရပ်ကွက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရာ မီးပုံပျံကွင်း (အဝေရာ ကုန်းသာယာ) မြေနေရာအား ပြည်သူပိုင် (Public Use) မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းတဲ့မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဉာဏ်လင်း က တောင်ကြီးမြို့နယ်၊ ကျောင်းကြီးစုရပ်ကွက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရာ မီးပုံပျံကွင်း (အဝေရာကုန်းသာယာ ) မြေနေရာအား ပြည်သူပိုင် (Public Use)မြေအဖြစ် လွှဲပြောင်း ပေးရန် အစီအစဉ် ရှိ /မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစု ရပ်ကွက်အတွင်းရှိ တန်ဆောင်တိုင်ပွဲကျင်းပရာ မီးပုံပျံကွင်း (အဝေရာ ကုန်းသာယာ ) မြေနေရာနဲ့ စပ်လျဥ်းပြီး မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် မြန်မာပြည် သာမက ကမ္ဘာကပင် လာရောက်ကြည့်ရှုကြရသည်အထိ အထူးထင်ရှားတဲ့ ပွဲတော်ကြီး

ဖြစ်ပါတယ်။ မြို့တော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တန်ဆောင်တိုင် မီးပုံးပျံ ပွဲတော်ကို ယခင်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် စတင်ကျင်းပခဲ့ပြီး ထိုနေရာမှ အဆင့်ဆင့်နေရာပြောင်း ကျင်းပခဲ့ပြီးတဲ့နောက်၊ တောင်ကြီးမြို့ တောင်ဘက် စူဠာမုနိ ဘုရားကုန်းမြေအနီးရှိ ကွင်းပြင်တွင် ဆက်လက်၍ ပွဲတော် ကျင်းပခဲ့ပါတယ်။

နှစ်စဉ် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ လာရောက်ကြည့်ရှုကြတဲ့ ဒေသခံပြည်သူများ၊ ဧည့်သည်တော်များ ပိုမိုတိုးတက် များပြားလာတဲ့အတွက်ကြောင့် မြေနေရာ ကျယ်ဝန်းတဲ့ မီးပုံးပျံကွင်းသစ် လိုအပ်လာပါတယ်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင်ရှိတဲ့ အဝေရာကုန်းမြေကို ရွေးချယ်ပေးခဲ့ပါတယ်။ လမ်းညွှန်ချက်အရ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ တာဝန်ရှိသူများနဲ့ ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနဆိုင်ရာများဖြစ်တဲ့ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက အဆိုပါမြေ နေရာကို သွားရောက်ကွင်းဆင်းပြီး ၂၀၀၈ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှတ်တမ်း အမှတ်စဉ် (၉/၂၀၀၈) အရ မီးပုံးပျံကွင်းသစ်ကို ယခင် အဝေရာကုန်းမြေ မြေဧရိယာများ အနက်မှ ကွင်းအမှတ် (၀၁၊ ၀၃၊ ၀၄ )မှ စုစုပေါင်း (၄၈.၉၄၇)ဧက သတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အကွက်အမှတ်(၀၁၊ ၀၃၊ ၀၄ ) စုစုပေါင်း (၄၈.၉၄၇)ဧက တို့အား ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက (၁၉-၁-၁၉၉၆)ရက်စွဲပါ စာအမှတ်၊ ၁၂ /၆/အခ(၄)ဖြင့် အမှတ်(၂၁၂) ဆက်သွယ်ရေး တပ်ပိုင်မြေအဖြစ် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် (၃၃၃) အရ အခမဲ့ လွှဲပြောင်း ပေးထားခဲ့ကြောင်း သိရှိရပါသည်။

၎င်းအမှတ် (၀၁၊ ၀၃၊ ၀၄ )တိုးချဲ့မြေဧရိယာ (၄၈.၉၄၇)ဧကမှာ တပ်မြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိခြင်းလည်း မဟုတ်ဘဲနဲ့ သီးခြားမြေနေရာ ဖြစ်ပါတယ်။ ၎င်းမြေနေရာကို တပ်မှ အသုံးပြုထားခြင်းမရှိဘဲ တောင်ကြီးဘူတာရုံ မြေနေရာအဖြစ်

အသုံးပြုရန်   ဧရိယာ (၁၁.၁၃၇) ဧကအား ကာကွယ်ရေးဝန်ကြီးဌာန   (စစ်ထောက်ချုပ်ရုံး )မှ ၅-၇-၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ၉၁၂         /မသ-၁၃/ထောက် ၅က ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့ပြီး ဖြစ်ပါတယ်။ ကျန်မြေဧရိယာ          (၃၇.၈၁) ဧကအား တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရာ မီးပုံးပျံကွင်း မြေနေရာနှင့် နိုင်ငံတော် အခမ်းအနားများ ကျင်းပရာ မြေနေရာအဖြစ် အသုံးပြုထားကြောင်း တွေ့ရှိရပါတယ်။

တောင်ကြီးမြို့ အဝေးရာကုန်းသာယာ  မီးပုံးပျံကွင်းတွင် မီးပုံးပျံပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ  ကျင်းပလျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း အဆိုပါကွင်းအား ပြည်သူပိုင်မြေအဖြစ်သာ သိထားကြပါတယ်။ ယခုအခါ ဒေသခံမိဘပြည်သူများ၊ အများပြည်သူများအတွက် အသုံးပြုရန် မဟုတ်ကြောင်း ကြားသိရတဲ့အတွက် လွန်စွာစိတ်မကောင်းဖြစ်နေရပါတယ်။ သို့ဖြစ်ပါ၍ တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပရာ အဝေးရာကုန်းမြေ၊ မြေဧရိယာ  (၃၇.၈၁၀)ဧကအား ပြည်သူပိုင်  (Public Use) မြေအဖြစ် လွှဲပြောင်းပေးမည့် အစီအစဉ် ရှိ  /မရှိ အများပြည်သူများရဲ့ကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**(င)အဆင့် ရဲစခန်း၊ ရဲကင်းများအား တာဝန်ချထားရာတွင် ယခင်ဖွဲ့စည်းပုံ   (၁၈)ယောက်ရှိရာမှ (၆)ယောက်သို့ လျှော့ချပြောင်းလဲခဲ့ခြင်းအပေါ် ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ      /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။      ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်  (၁၂)  ဦးလှဆွေ က (င)အဆင့် ရဲစခန်း၊ ရဲကင်းများအား တာဝန်ချထားရာတွင် ယခင်ဖွဲ့စည်းပုံ  (၁၈)ယောက်ရှိရာမှ (၆)ယောက်သို့ လျှော့ချပြောင်းလဲခဲ့ခြင်းအပေါ် ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ     /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး  မဲဆန္ဒနယ်အမှတ် (၁၂)**။     ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား   လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်များ ကျက်သရေမင်္ဂလာ  အပေါင်းနဲ့

ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြလိုတဲ့ မေးခွန်းကတော့ (င) အဆင့် ရဲစခန်း၊ ရဲကင်းများအား တာဝန်ချထားရာမှာ ဖွဲ့စည်းပုံ (၁၈)ယောက်ရှိရာကနေ (၆)ယောက်ကို လျှော့ချလိုက်တဲ့အတွက်ကြောင့်မို့လို့ အဲဒီကိစ္စကို ပြန်လည်သုံးသပ်နိုင်ခြင်း ရှိ /မရှိ ဟူ၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ (င)အဆင့် ရဲစခန်း၊ ရဲကင်းတွေဟာ ဖွဲ့စည်းပုံအင်အား (၁၈)ယောက်ရှိတာ ဖြစ်ပါတယ်။ အဲဒီ (၁၈)ယောက်ကနေ အခုအခါမှာ (၆)ယောက်သာလျှင် ခန့်ထားတာကို တွေ့ရှိရပါတယ်။ ဥပမာ တရားခံဖမ်းဆီးဖို့ လုံလောက်သောအင်အား (၁+၁၅)ဖြင့် ဖမ်းဆီးဖို့ တာဝန်ပေးအပ်လာတဲ့အခါမှာ စခန်းမှာရှိတဲ့အင်အား အကုန်ထွက်ရတော့တဲ့အတွက်ကြောင့် ကျန်ရှိနေတဲ့ လက်နက်၊ ခဲယမ်းတွေကို သော့ခတ်ပြီးတော့ သိမ်းထားခဲ့ရတော့မလို ဖြစ်နေပါတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ ဂန့်ဂေါမှာဆိုရင် (င)အဆင့် ရဲစခန်း၊ ရဲကင်းတွေဟာ သူတို့ရဲ့ ကျေးရွာပေါင်း (၂၀)လောက် သူတို့လက်အောက်မှာ ရှိပါတယ်။ ကျေးရွာပေါင်း (၂၀)လောက် ရှိတော့ အင်အားကလည်း (၆)ယောက်ပဲ ရှိတဲ့အခါကျတော့ သူက အရက်မူးပြီးတော့ အခုခေတ်ကလည်း အရက်တွေက တအားပေါတော့ ရွာတွေမှာ အရက်မူးရင် ဒါ ရဲကို ခေါ်ကြတယ်။ ရဲကိုခေါ်ကြတော့ (၃)ရွာလောက်က တစ်ခါတည်း ခေါ်တယ်ဆို (၁)ရွာကို (၂)ယောက်သွားရင် ကုန်သွားပြီ။ ကုန်သွားတော့ အဲဒီရွာမှာ ဘုရားပွဲရှိတယ်၊ စသဖြင့်၊ ပြီးခဲ့တဲ့ဟာဆိုရင် ကျွန်တော် တည်ထားတဲ့ ဘုရားလေး၊ ဘုရားပွဲ လုပ်တယ်။ ဘုရားပွဲလုပ်တော့ အဲဒီဘုရားပွဲမှာ ရဲက မရှိဘူး။ မရှိဘူးဆိုတာ သူက ဆိုင်ကယ်ကို ရိုက်ပြီးတော့ လုသွားတဲ့ တရားခံကို သွားဖမ်းနေတဲ့အခါကျတော့ အဲဒီ ရဲစခန်းမှူးလေးကလည်း အင်မတန် တော်ပါတယ်။ ဒီ ရိုက်သွားတဲ့၊ လုသွားတဲ့လူက အိမ်ပြန်မရောက်သေးခင် သူ့အိမ်ကနေ သွားစောင့်ပြီးတော့ဖမ်းနိုင်အောင် ထောက်လှမ်းရေး အမြင် ရှိပါတယ်၊ ဆိုတော့ အဲဒီလို သွားဖမ်းနေတဲ့အခါမှာ ဒီမှာ ဘုရားပွဲကြီးက အကြီးအကျယ် ဖြစ်နေတဲ့အခါကျတော့ အဲဒီမှာလုံခြုံရေးကတော်တော်လေး အားနည်းတယ်၊

အဲဒီအချိန်မှာ ဒီဟာကို ရဲတွေ အင်အားနည်းတာကို မူတည်ပြီးတော့ သစ်မှောင်ခိုတွေ၊ နွားမှောင်ခိုတွေက ချောင်းနေတာပေါ့။ ဒါ ရဲတွေတော့ မအားတော့ဘူးဟေ့ ဆိုတော့ အဲဒီမှာ သူတို့က ခိုးထွက်ကြတယ်၊ ဆိုတော့ ကျွန်တော်တို့က ဒါဟာ ဒီလိုမျိုး ဖြစ်နေတာဟာ ရဲစခန်းတွေမှာ အင်အားတွေ လျော့နည်းတာကို အခွင့်ကောင်းယူပြီးတော့ တောမီးလောင် တောကြောင် လက်ခမောင်းခတ် ပုံစံမျိုး ဆောင်ရွက်နေတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။

အဲဒါကြောင့်မို့လို့ အခုဆိုရင် လာမယ့်မကြာခင်မှာ (၁၀)တန်းစာမေးပွဲ ဖြေတော့မယ်။ (၁၀)တန်း စာမေးပွဲ Center ရှိတဲ့ နေရာတွေမှာ မေးခွန်းစာရွက်တွေကို လုံခြုံရေး စောင့်ရှောက်ရတာ ရှိတယ်။ အဲဒီအချိန်မှာ ဒီမှာ အင်အားဟာ နည်းတယ်ဆိုလို့ရှိရင် အဲဒီအချိန်မှာစောင့်ပြီးတော့ မဟုတ်တာလုပ်မယ့် ဝိသမလောဘသမားတွေဟာ ဒါကိုအခွင့်ကောင်း ယူပြီးတော့ ဆောင်ရွက်မယ့်အနေအထားတွေ ကျွန်တော့်အနေနဲ့ ကြားသိနေရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ရဲစခန်းတွေဟာ အခြေခံကျတဲ့ (င)အဆင့် ရဲစခန်းလေးတွေဟာ အင်အားအပြည့်အဝ ရှိမှသာလျှင် ဒါ အမှိုက်ကစ ပြာသာဒ်မီးလောင် ဆိုတဲ့ စကားအတိုင်း သေးသေးလေးကို စပြီးတော့ စောစောစီးစီး တရားဥပဒေစိုးစိုးမိုးမိုးနဲ့ ရဲက လျှင်လျှင်မြန်မြန် အုပ်လိုက်နိုင်မှ ကြီးမားတဲ့ပြဿနာတွေ ဖြစ်မလာမှာလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အေးချမ်းတဲ့ ပြည်မတွေမှာတော့ အဲဒီလိုမျိုး ရဲစခန်းကို သော့ခတ်ပြီးသွားပေမယ့် ကိစ္စမရှိဘူး။ နယ်စပ်ဒေသတွေမှာဆိုရင်တော့ ဒီစခန်းဟာ အချိန်မရွေး ခဏတာအတွင်း စခန်း ကျဆုံးနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်သူလူထုအပေါ်မှာလည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ပြည်သူလူထုမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပေါ် အားကိုး ယုံကြည်မှု ပိုမိုလာဖို့ရာ အခုအချိန်မှာ အားနည်းသွားနိုင်တယ်။ ဒါကြောင့်မို့လို့ ဒီဟာ တွေကို ရဲတွေ အင်အားနည်းတာကို ဒါ မူတည်ပြီးတော့မှ ဒုစရိုက်သမားများကလည်း ခေါင်းထောင်လာနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ နောက်ပြီးတော့ ဒီမိုကရေစီခေတ်မှာ တပ်မတော်ဆိုတာ မြို့ပြငြိမ်ဝပ်ပိပြားရေးမှာ သုံးရန်မရှိဘဲနဲ့ ရဲအင်အား ကိုသာ နိုင်ငံတကာအဆင့်နဲ့ လျော်ညီစွာ အင်အားတိုးချဲ့ တာဝန်ထမ်းဆောင်စေမယ်ဆိုရင်

ပိုပြီးတော့ သင့်လျော်ပါတယ်။ ဒါကြောင့်မို့လို့ (င)အဆင့် ရဲစခန်းတွေမှာ အင်အားတွေ လျော့နည်းနေတာကို ဘယ်လိုဖြည့်တင်းပေးနိုင်မလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

## ပြစ်ဒဏ်မကျခံရသေးသော အချုပ်သားများကို တရားရုံးသို့ထုတ်ရာတွင် သံခြေကျင်းခတ်ခွင့် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးထွန်းမြင့် ပြစ်ဒဏ်မကျခံရသေးသော အချုပ်သားများကို တရားရုံးသို့ ထုတ်ရာတွင် သံခြေကျင်းခတ်ခွင့် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးမြန်းသွားမယ့် မေးခွန်းမှာ ကျွန်တော်ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်က အကျဉ်းထောင်လက်စွဲ စာအုပ် ဖြစ်ပါတယ်။ အကျဉ်းထောင်လက်စွဲ ပုဒ်မ ၃၂၉ မှာ ဗဟိုအကျဉ်းထောင်သို့ ပို့ရန်နှင့် နယ်ထောင်သို့ ပို့ရန် ထားရှိတဲ့ ထောင်ဒဏ် (၇)နှစ်နှင့်အထက် ပြစ်ဒဏ်ကျခံကြရတဲ့ အကျဉ်းသားများကို ပိုမိုလုံခြုံစိတ်ချစေရန်အတွက် ခြေကျင်းများ ခတ်ထားရမည်ဟု ဖော်ပြထားတာ တွေ့ရပါတယ်။ ထောင်အပြောင်းအရွှေ့တွင်သာ သံခြေကျင်းဝတ် သုံးစွဲခွင့်ရှိတယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြို့နယ်မှာ ပြစ်ဒဏ်မကျခံရသေးတဲ့ အချုပ်သားတွေကို သံခြေကျင်းဝတ်ခတ်၍ တရားရုံးကို တင်ပို့ခြင်း၊ တရားရုံးမှာလည်း ၎င်းသံခြေကျင်းဝတ်အတိုင်းထားပြီး တရားစီရင်ခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိပါတယ်။

ယခင်ပြောင်းရွှေ့သွားတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးကို စုံစမ်းမေးမြန်းတဲ့အခါမှာ လက်ထိပ် မလောက်လို့ဖြေထားပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်သိချင်တာကတော့ (က) အချုပ်သား များကို တရားရုံးသို့ ထုတ်ရာတွင် သံခြေကျင်း ခတ်ခွင့်ရှိပါသလား။ (ခ) မရှိလျှင် ဎင်းကိစ္စ သည် ပြုလုပ်သူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရားရုံးတွင် လက်ခံစစ်ဆေးပေးသူ မြို့နယ် တရားသူကြီး မည်သူတို့တွင် တာဝန်ရှိပါသလဲ။ သိရှိလိုပါ၍ ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၀။**

**ရဲချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန )**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခု ပထမဦးစွာ ရှမ်းပြည်နယ် အမှတ် (၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက် အကွက်အမှတ် (ဘီ-၅၂၊ ဘီ-၆၀၊ ဘီ -၆၁၊ ဘီ -၆၂၊ ဘီ -၆၃)တို့မှာရှိတဲ့ မြေလွတ်မြေလပ်ဧရိယာ (၁၃၂.၉၄၂)ဧကကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် ရက်စွဲပါ စာအမှတ်၊ ၁၂ /၆/အခ (၄) အမိန့်ကြော်ငြာစာ၊ အကွက်အမှတ် ဘီ -၆၄ မှာရှိတဲ့ မြေလွတ် မြေလပ်ဧရိယာ(၁၈.၈၂)ဧကကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်၊ ရက်စွဲပါစာအမှတ်၊ ၁၂ /၆/အခ(၄)အမိန့်ကြော်ငြာစာနဲ့ ကွင်းအမှတ် (၀၁၊

၀၃၊ ၀၄ )မြေလွတ်မြေလပ်ဧရိယာ (၄၈.၉၄၇)ဧကကို ပြည်ထဲရေးဝန်ကြီး ဌာနရဲ့ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက်၊ ရက်စွဲပါစာအမှတ်၊ ၁၂ /၁၃/အခ(၄) အမိန့် ကြော်ငြာစာတို့နဲ့ စုစုပေါင်းမြေဧရိယာ (၂၀၀.၇၀၉)ဧကကို အမှတ် (၂၁၂)ဆက်သွယ်ရေး တပ်ရင်းတပ်ပိုင်မြေ အဖြစ် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် (၃၃၃)အရ အခမဲ့ လွှဲပြောင်းပေးထားတဲ့မြေနေရာ ဖြစ်ပါတယ်။

အမှတ်(၂၁၂) ဆက်သွယ်ရေးတပ်ရင်းရဲ့ တပ်ပိုင်မြေဧရိယာ (၂၀၀.၇၀၉)ဧက အနက်မှ ဧရိယာ (၁၁.၁၃၇)ဧကကို တောင်ကြီးဘူတာရုံ ဆောက်လုပ်ရန်အတွက် တပ်ပိုင်မြေအဖြစ်မှ ပယ်ဖျက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးရဲ့ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်၊ ရက်စွဲပါစာအမှတ်၊ ၉၁၂ /မသ-၁၃/ထောက် **၅က နဲ့ ပြန်လည်အပ်နှံ ခဲ့တဲ့အတွက် တောင်ကြီးဘူတာရုံ မြေနေရာအဖြစ် အသုံးပြုလျက်ရှိပါတယ်။**

**အဆိုပါ အမှတ် (၂၁၂) ဆက်သွယ်ရေးတပ်ရင်း၊ တပ်ပိုင်မြေများအနက်မှ တောင်ကြီးမြို့ မီးသတ်တပ်ဖွဲ့အဆောက်အဦ မျှော်စင်များအတွက် ဧရိယာ (၆.၁၃၃)ဧက၊ တောင်ကြီးမြို့ ဂေါက်ကလပ် ခြံစည်းရိုး၊ လမ်းမြေ ဧရိယာ (၁.၈၉)ဧက၊ (၂)ခုပေါင်း မြေဧရိယာ (၈.၀၂၃)ဧကနဲ့ မီးပုံးပျံကွင်းအဖြစ် အသုံးပြုနေတဲ့ မြေဧရိယာ (၃၇.၈၁)ဧက တို့ကို နိုင်ငံတော်သို့ ပြန်လည် အပ်နှံစေရေး ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်၊ ရက်စွဲပါစာအမှတ်၊ (၆၉၅၆)/၃-၆၂၉/အစရ(ရှမ်း)နဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးကို တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်စွဲပါ စာအမှတ်၊ ၈၃၈ /၃၀၁-သဘောထား ၁ -၂၅/အဖရ(၂၀၁၂)နဲ့ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)ကို သဘောထား တောင်းခံထားရှိပါတယ်။**

**လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းမှာပါဝင်တဲ့ ၂၀၀၈ ခုနှစ်၊ မေလ (၁၆)ရက် နေ့က ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ စီမံခန့်ခွဲရေး အစည်းအဝေးအမှတ်စဉ် (၉/၂၀၀၈)အရ သတ်မှတ်ပေးတဲ့ မြေဧရိယာ (၁၀၀.၆၂) ဧကကတော့ မီးပုံးပျံကွင်းအဖြစ် သတ်မှတ်ပေးခဲ့ခြင်း မဟုတ်ဘဲနဲ့ တောင်ကြီး တက္ကသိုလ်မြေအဖြစ် နယ်နိမိတ် သတ်မှတ်ပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။**

အမှတ်(၂၁၂) ဆက်သွယ်ရေးတပ်ရင်း တပ်ပိုင်မြေအနက်မှ တန်ဆောင်တိုင်ပွဲတော် ကျင်းပရာ မီးပုံးပျံကွင်း၊ (အဝေရာကုန်းသာယာ ) မြေနေရာအဖြစ် အသုံးပြုနေတဲ့ မြေဧရိယာ (၃၇.၈၁)ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြလာမှု အပေါ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ သဘောထား ပြန်လည်တင်ပြနိုင်ရန် စိစစ်နေဆဲဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရဲ့ တင်ပြချက်အပေါ် မူတည်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ် (၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲတပ်ဖွဲ့များမှာရှိတဲ့ (င)အဆင့် ရဲစခန်းများမှာ (၁၈)ဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ လူဦးရေတိုးပွားလာမှုနဲ့ ဆက်သွယ်ရေးကောင်းမွန်လာမှု အခြေအနေ များကြောင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝ လုံခြုံရေးနဲ့ နယ်မြေလုံခြုံရေး တို့အတွက် တပ်ဖွဲ့ဝင် (၁၈)ဦးပါဝင်တဲ့ ရဲကင်းစခန်းများအဖြစ် ပြင်ဆင်ဖွဲ့စည်းလျက် ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ရဲစခန်း၊ ရဲကင်း (၁၀၆)ခု၊ တပ်ဖွဲ့ဝင်အင်အား (၃၃၄၂)ဦးရှိပြီး နေထိုင်နိုင်တဲ့ လူဦးရေက (၄၄၃၃၆၄၅)ဦးရှိတဲ့အတွက် ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအင်အား အချိုးက (၁ း ၁၃၂၇) ဖြစ်ပါတယ်။

ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်ယူနေရတဲ့ ရဲတပ်ဖွဲ့ဝင်များက တိုးတက်လာတဲ့ ခေတ်နဲ့အညီ များပြားလာတဲ့ စီးပွားရေးလုပ်ငန်းနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုံခြုံရေးအတွက် ယခင်ကထက် ပိုမိုတိုးတက်များပြားစွာ ထောင်စုံကဏ္ဍစုံက တာဝန်ထမ်းဆောင်နေရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှာ တပ်ဖွဲ့ဝင်အင်အားကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလျက်ရှိသလို ပြည်သူလူထုပါဝင်တဲ့ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (Community Policing)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ အရ ရပ်ကွက် (သို့မဟုတ်) ကျေးရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ ပြည်သူ့ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မှုခင်းများနဲ့ ဒုစရိုက်မှုများ ဖော်ထုတ်ခြင်း၊ သတင်းပေး တိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်းများနဲ့ စပ်လျဉ်းလို့ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများကို သတင်းပို့ခြင်းနဲ့ ကူညီခြင်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားရှိပါတယ်။

ဒီပြဋ္ဌာန်းချက်များနဲ့အညီ အဲဒီလုပ်ငန်းတာဝန်များကို ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး နိုင်ငံတကာအဆင့်နဲ့လျော်ညီစွာ အင်အားများ တိုးချဲ့ ဖွဲ့စည်းထားတဲ့ ရဲစခန်းတွေမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်အင်အားများနဲ့ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များကို အကျိုးရှိစွာ အသုံးပြု ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းနိုင်ဖို့ နိုင်ငံတော်သမ္မတရုံးကို တင်ပြ ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုဖွဲ့စည်းပုံများနဲ့အညီ အင်အားတိုးချဲ့ ဖွဲ့စည်းလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (င)အဆင့် ရဲစခန်း၊ ရဲကင်းတွေမှာ တာဝန်ချထားတဲ့အခါ ရဲတပ်ဖွဲ့ဝင် အင်အားကို (၁၈)ယောက်မှ (၆)ယောက်သို့ လျှော့ချပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း မရှိပါ။ လက်ရှိအခြေအနေမှာ အင်အားအပေါ် မူတည်ပြီး ဖွဲ့စည်းပုံအင်အား အပြည့် တာဝန်ချထား နိုင်ခြင်းမရှိလို့ လုံခြုံရေးလုပ်ငန်းများ တာဝန်ခွဲဝေထမ်းဆောင်နိုင်ဖို့အတွက် အင်အားဖြန့်ခွဲ အသုံးပြုကြခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအမှတ် (၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းလို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက မှုခင်းကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားခဲ့သော ပြစ်မှုများကို စုံစမ်းဖော်ထုတ်ပြီးတော့ ထိုက်သင့်တဲ့ ပြစ်ဒဏ်ရရှိရေးအတွက် တရားစွဲဆိုရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာ တည်ဆဲဥပဒေများ၊ ရဲလက်စွဲ၊ ရဲအက်ဥပဒေ၊ ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေများနဲ့ အမိန့်၊ ညွှန်ကြားချက်များနဲ့အညီ လိုက်နာဆောင်ရွက်ရပါတယ်။

ပြစ်မှုကျူးလွန်သူ တရားခံတွေအနေနဲ့ ပြစ်ဒဏ်စီရင်ခြင်းမှ ရှောင်တိမ်းရေးနဲ့ လွတ်မြောက်ရေးအတွက် နေရာဒေသနဲ့ အချိန်အခါမရွေး အခွင့်အရေး ကိုစောင့်ကြည့်ပြီး ကြိုးပမ်းလေ့ရှိပါတယ်။ ဒါကြောင့် ပြစ်မှုကျူးလွန်သူတရားခံများကို ဖမ်းဆီးရာမှာနဲ့ သက်ဆိုင်ရာတရားရုံးမှာ ရမန်တောင်းခံခြင်း၊ ဖြောင့်ချက်ရယူခြင်း၊ တရားစွဲတင်ပို့ခြင်းနဲ့ အမှုစစ်ဆေးဖို့အတွက် တရားရုံးကိုတင်ပို့ရာမှာ တရားခံ ထွက်ပြေးလွတ်မြောက်မှု မရှိစေရေးနဲ့ အဲဒီတရားခံများရဲ့ နောက်ကြောင်းရာဇဝင်၊ ကျူးလွန်တဲ့ ပြစ်မှုအမျိုးအစားနဲ့ သူတို့ရဲ့ အခြေအနေအပေါ် ချင့်ချိန်ပြီး တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ ရဲလက်စွဲ ဒုတိယတွဲမှာပါဝင်တဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ လိုက်နာဆောင်ရွက်ရပါတယ်။

ရဲလက်စွဲ ဒုတိယတွဲ၊ အပိုဒ် ၁၂၀၂ မှာ အသက်အရွယ်ကြီးခြင်း၊ အိုမင်းမစွမ်း ဖြစ်ခြင်း၊ မကျန်းမာခြင်းနှင့် မိန်းမသားများဖြစ်ခြင်းကြောင့် လုံခြုံစွာခေါ်ယူနိုင်မည်ဟု ယုံကြည်ရန် ရှိသူမှတစ်ပါး မည်သည့်ပြစ်မှုထင်ရှားစီရင်ခံရပြီးဖြစ်သော အကျဉ်းသား များကိုမဆို လက်ထိပ်မခတ်ဘဲ ဆောင်ကြဉ်းမသွားရ။ ထို့အပြင် ဆောင်ကြဉ်းသွားသည့်အခါ တစ်ယောက်နှင့်တစ်ယောက် သံကြိုးဖြင့် တွဲထားရမည်။ သံခြေကျင်းများနှင့် ခတ်ထားသင့် သည် ထင်မြင်သောအခါ သံခြေကျင်းများကို အသုံးပြုရမည်။ အသက် (၁၆)နှစ်အောက် အသက်ငယ် ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာလူငယ်သင်တန်းကျောင်းများသို့ ပို့သည့် အခါ လက်ထိပ်မခတ်ဘဲ ကြပ်မတ်ပို့ဆောင်ရမည်ဆိုပြီး ပြဋ္ဌာန်းထားသလို အမှုစစ်ဆေးဆဲ အချုပ်သားများကို လက်ထိပ်၊ သံခြေကျင်း ခတ်ထားအသုံးပြုခြင်းနဲ့ပတ်သက်လို့ အပိုဒ် ၁၃၈၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၆)၊ အပိုဒ်ခွဲ ငယ်စိတ် (ကက)မှ(ဇဇ) အထိ ပြဋ္ဌာန်းထားရာ မှာ မမှန် ဒင်္ဂါးပြုလုပ်ခြင်း၊ လူသတ်မှု သို့မဟုတ် လူသေမှုကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ လုယက်မှု၊ ဓားပြမှု၊ အရေးကြီး သည့် အမှုလို့သတ်မှတ်ထားသည့် ပြစ်မှုများ အိမ်ဖောက်ထွင်းမှု၊ အမြဲလုယက်တတ်သူ၊ ခိုးတတ်သူ၊ ခိုးရာပါပစ္စည်း လက်ခံတတ်သူ တို့အား လက်ထိပ်ခတ်ထားရမည်ဖြစ်ကြောင်းနဲ့ စိုးရိမ်ရသော အချုပ်သားများအား လက်နှစ်ဖက်စလုံးကို လက်ထိပ်ခတ်ရမည့်အပြင် ၎င်းတရားခံတို့အား လုံခြုံသော အချုပ်ခန်းအတွင်းသို့ မရောက်မီ မဖြုတ်ရ၊ အချုပ်ခန်းမှ ထုတ်ယူသောအခါ၌လည်း မထုတ်မီ လက်ထိပ်ခတ်ရမည် ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

ဒါ့အပြင် ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် ၁၃၈၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၉)မှာ ပြစ်မှု ကျူးလွန်သူတို့၏ နောက်ကြောင်းရာဇဝင်ကို ထောက်ထား၍ (သို့မဟုတ်) ၎င်းတို့ ကျူးလွန်သည့် ပြစ်မှုအမျိုးအစားကို ထောက်ထား၍ ကြမ်းတမ်းဆိုးသွမ်းသည်ဟု ယုံကြည်ရသော အချုပ်သားအားလုံးတို့အား သံခြေကျင်းနှင့် လက်ထိပ်ခတ်ရပါမည်။ သို့ရာတွင် ကြမ်းတမ်းဆိုးသွမ်းသည့် အချုပ်သားဖြစ်၍ တရားရုံး၏ ခွင့်ပြုချက်ရယူ ပြီးသူမှတစ်ပါး တရားခံအနေနှင့်ဖြစ်စေ၊ သက်သေအနေနှင့်ဖြစ်စေ မည်သည့်အချုပ်သား ကိုမျှ သံခြေကျင်းခတ်လျက် တရားခွင်သို့ ယူဆောင်မသွားရဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

အလားတူ အချုပ်တရားခံထွက်ပြေးလွတ်မြောက်ခြင်း မရှိစေရေးနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရဲ့ ညွှန်ကြားချက် (၁/၈၇)၊ အပိုဒ် ၁၊ အပိုဒ်ခွဲ (င) လမ်းခရီးတွင် စောင့်ကြပ်နည်း၊ အပိုဒ်ခွဲငယ်စိတ် (၁)မှာ လက်ထိပ် / သံကြိုးများ ခိုင်ခန့်အောင် လက်အပြင် ခြေထောက်ပါ ချည်နှောင်ပြီး (၁၅)မိနစ် တစ်ကြိမ် လက်နက်မဲ့ အစောင့်တစ်ဦးမှ စစ်ဆေးရမည်လို့ ပြဋ္ဌာန်းထားသလို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (င) မှာ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် မိမိအားစောင့်ထိန်းရန် လွှဲအပ်ထားသော သို့မဟုတ် မိမိစောင့်ထိန်းရန် တာဝန်သော်လည်းကောင်း၊ စောင့်ကြပ်ရန် တာဝန်သော် လည်းကောင်းရှိသော လူတစ်ဦးအား တမင်ဖြစ်စေ၊ ယုတ္တိတန်သော အကြောင်းမရှိဘဲဖြစ်စေ လွတ်ပြေးစေလျှင် ရဲတရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ (၃)နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသော လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။

မေးခွန်းဖြစ်စဉ်ပါ ဖြစ်ပွားခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တရားစီရင်ဆဲ အချုပ်သား (၁၈)ဦး၊ ခိုးမှုတရားခံ (၅)ဦးနဲ့ တရားမဝင် ကျွဲ၊ နွား သယ်ဆောင်မှု တရားခံ (၁၃)ဦး ကို လက်ထိပ်၊ သံခြေကျင်းခတ်ပြီး တရားရုံးကို တင်ပို့ခြင်းနဲ့ စပ်လျဉ်းလို့ ထီးချိုင့် ရဲစခန်းဟာ အမှတ် (၃) ရပ်ကွက်အတွင်း တောင်ကုန်းပေါ်မှာ တည်ရှိပြီး မြို့နယ်တရားရုံးက အမှတ်(၁) ရပ်ကွက်မှာ တည်ရှိတဲ့အတွက် (၃)ဖာလုံခန့် ကွာဝေးကြောင်း၊ အချုပ်တရားခံ များကို တရားရုံးသို့ ထုတ်ရာမှာ သယ်ပို့ဖို့ အချုပ်ယာဉ် မရှိတဲ့အတွက် ခြေလျင်နဲ့

သယ်ဆောင်ရာ လမ်းခရီး တစ်လျှောက်မှာ အချုပ်တရားခံများ ထွက်ပြေးလွတ်မြောက်မှု မရှိစေရေးအတွက် လက်ထိပ်သံကြိုးများအပြင် သံခြေကျင်းများကို အသုံးပြုခဲ့ကြောင်း၊ အဲဒီလိုအသုံးပြုရာမှာ ခိုးမှုတရားခံ (၅)ဦးကို လက်ထိပ်ခတ်ပြီး ထွက်ပြေးရန် အလားအလာ ရှိတယ်လို့ သံသယရှိတဲ့ ကျွဲ၊ နွား မှောင်ခိုမှု တရားခံ (၁၃)ဦးကိုသာ ခြေကျင်းဝတ် တပ်ဆင်ပြီး၊ တရားရုံးကို ပို့ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ တရားရုံးအချုပ်သို့ ရောက်တာနဲ့ သံခြေကျင်းများ ဖြုတ်ထားပြီး အမှုကို စစ်ဆေးကြားနာချိန်မှာလည်း ခြေကျင်းများ တပ်ဆင်ထားခြင်း မရှိကြောင်း၊ သို့ပေမဲ့လည်း လုံခြုံရေးလိုအပ်မှု အခြေအနေအရနဲ့ ထွက်ပြေးရန် အလားအလာရှိတယ်လို့ သံသယရှိတဲ့ လူသတ်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါး ကဲ့သို့ အမှုကြီးများမှ တရားခံများနဲ့ ကျွဲ၊ နွား မှောင်ခိုမှုမှ တရားခံများကိုမူ တရားသူကြီးရဲ့ ခွင့်ပြုချက်အရသာ တရားစီရင်လျက်ရှိစဉ် ခြေကျင်းများ တပ်ဆင်လေ့ရှိကြောင်း စစ်ဆေး တွေ့ရှိရပါတယ်။ လက်ထိပ် မလုံလောက်လို့ သံခြေကျင်းခတ်ခြင်း မဟုတ်ကြောင်း တွေ့ရှိ ရပါတယ်။

ထီးချိုင့်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေက ၂၀၁၁ ခုနှစ်အတွင်းမှာ အမှုကြီး ဖြစ်ပွားခြင်း မရှိဘဲ အခြားအမှု (၇၇)မှု၊ ကြိုတင်ကာကွယ်မှု (၃၀၀)မှု၊ ၂၀၁၂ ခုနှစ် အတွင်းမှာ အမှုကြီး (၁၀)မှု၊ အခြားအမှု (၁၁၆)မှုနဲ့ ကြိုတင်ကာကွယ်မှု (၄၀၃)မှု ဖြစ်ပွားခဲ့လို့ ၂၀၁၂ ခုနှစ်အတွင်း တရားမဝင် ကျွဲ၊ နွား သယ်ဆောင်မှု (၁၇)မှု ဖြစ်ပွားခဲ့ပြီး ကျွဲ (၅၇) ကောင်နှင့် နွား (၂၁၇) ကောင်တို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များမှာ အချုပ်ယာဥ်များ၊ လုံလောက်မှုမရှိတဲ့အတွက် ဖြည့်ဆည်းပေးရေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ အတွင်းမှ ကျွဲ၊ နွားများကို တစ်ဖက်နိုင်ငံသို့ တရားမဝင် ရောင်း /ဝယ်၊ သယ်ဆောင်ခြင်း မရှိစေရေး တားဆီးနှိမ်နင်းရာမှာ ကျွဲ၊ နွားမှောင်ခိုမှုမှ တရားခံများကို နောင်ကြဉ်လောက် သော ထိုက်သင့်တဲ့ပြစ်ဒဏ်ကျခံစေရေးနဲ့ တရားခံများ ထွက်ပြေးလွတ်မြောက်မှု မရှိစေ ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် များနဲ့အညီ ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ )

လောင်းလုံမြို့နယ်၊ သကျက်တောကျေးရွာအုပ်စုရှိ တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်တစ်ဦး အမြန်ခန့်ထားပေးရန်၊ ဆေးရုံဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးရန်နှင့် ဆေးရုံသုံး ပစ္စည်းများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိမရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

အချိန်၊ ၁၀း၃၅။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်မြင့် က လောင်းလုံမြို့နယ်၊ သကျက်တောကျေးရွာအုပ်စုရှိ တိုက်နယ် ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်တစ်ဦး အမြန်ခန့်ထားပေးရန်၊ ဆေးရုံဝန်ထမ်း များ တိုးမြှင့်ခန့် ထားပေးရန်နှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန် အစီအစဥ် ရှိ /မရှိ နဲ့ စပ်လျဥ်း တဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၅ ။

ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်က မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ သကျက်တောကျေးရွာ အုပ်စု တိုက်နယ်ဆေးရုံမှာ ဆရာဝန်တစ်ဦး ပြန်လည်ခန့်ထားပေးဖို့နဲ့ လစ်လပ်နေတဲ့ ဆေးရုံဝန်ထမ်းများ ခန့်ထားပေးရန်နဲ့ ဆေးရုံသုံး ပစ္စည်း များ ဖြည့်ဆည်းပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လောင်းလုံမြို့နယ်မှာ မြို့ပေါ်ဆေးရုံ(၁)ရုံနဲ့ တိုက်နယ်ဆေးရုံ (၂)ရုံတို့ ရှိကြပါတယ်။ မြို့ပေါ်ဆေးရုံဟာ (၂၅)ခုတင် ဖြစ်ပြီး၊ မောင်းမကန်တိုက်နယ်ဆေးရုံနဲ့ သကျက်တော တိုက်နယ်ဆေးရုံတို့ဟာ (၁၆)ခုတင် ဖြစ်ပါတယ်။ သကျက်တောကျေးရွာအုပ်စုဟာ လူဦးရေ (၇၀၀၀)ခန့်ရှိပြီး၊ ရွာကြီးတစ်ရွာ လည်းဖြစ်ပါတယ်။ ရဲစခန်းနဲ့ အ .ထ.က(ခွဲ)များလည်း ရှိပါတယ်။ ကျန်းမာရေးအရ သကျက်တော ဆေးရုံကိုသာ မှီခိုနေရပါတယ်။ တိုက်နယ် ဆေးရုံမှာ တိုက်နယ်ဆရာဝန် (၁)ဦး၊ အထက်တန်း

သူနာပြု (၁)ဦး၊ ဆေးစပ်ဆရာ (၁)ဦး၊ ဆေးရုံလုပ်သား (၁)ဦးနဲ့ ဆေးရုံစောင့် (၁)ဦး စသည်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ရှိတယ်လို့ သိရှိရပါတယ်။

လက်ရှိအနေအထားမှာ ဆရာဝန်ဟာ ၁၆ -၈-၂၀၁၂ ရက်နေ့မှစပြီး ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဆေးရုံမှာ အထက်တန်းသူနာပြု (၁)ဦးနဲ့ ဆေးရုံလုပ်သား (၁)ဦးသာရှိပြီး ကျန်ဝန်ထမ်းများမှာ လစ်လပ်နေတာကို တွေ့ရှိရပါတယ်။ အရေးကြီးနဲ့ အရေးပေါ် လူနာများကို လောင်းလုံ သို့မဟုတ် ထားဝယ်မြို့ ဆေးရုံကြီးများသို့ ပို့ကြရပါတယ်။ လမ်းခရီးအားဖြင့် လောင်းလုံဆေးရုံကို (၁၈)မိုင်၊ ထားဝယ်ဆေးရုံကြီးကို (၃၂)မိုင်ခန့် ကွာဝေးပါ တယ်။ လမ်းကြမ်းသဖြင့် လူနာများအတွက် အခက်အခဲ များစွာ ကြုံကြရပါတယ်။ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသည်များလည်း ရှိခဲ့ကြပါတယ်။

ကြက်လွှတ်၊ ကျောက်မတ္တပ်၊ အောက်ကျောက်ဝပ်၊ ညောပြင်၊ ကျောက်ဝတ်ပြင်၊ ကျောက်နီမော်၊ ဇလွတ်၊ ရဘဲ၊ ကျောက်တွင်းစတဲ့ အောက်ပိုင်းကျေးရွာများ အားလုံးဟာ ကျန်းမာရေးအရ သကျက်တောတိုက်နယ်ဆေးရုံကိုသာ အားကိုးနေရတာဖြစ်လို့ ယခုလို ဆရာဝန်မရှိတဲ့အတွက် အရေးကြီးနဲ့ အရေးပေါ် လူနာများအတွက် အခက်အခဲတွေ့နေကြရပါတယ်။ ငွေကြေးတတ်နိုင်သူတွေကတော့ မော်တော်ကားငှားပြီး လောင်းလုံနဲ့ ထားဝယ်မြို့များကို ချက်ချင်းတင်ပို့နိုင်ကြပေမယ့် ငွေကြေးမတတ်နိုင်တဲ့ ဆင်းရဲသားများအဖို့ အခက်ကြုံနေကြရပါတယ်။ သို့ပါ၍ အဆိုပါအခက်မျိုး မကြုံကြရလေအောင် ဆရာဝန်တစ်ဦး အမြန်ခန့်ထားပေးရန်၊ ဆေးရုံဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးရန်နှင့် ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းပေးရန် ဒေသခံများက လိုလားတောင့်တလျက် ရှိကြပါတယ်။

သို့ပါ၍ ကျွန်တော့်အနေနဲ့ ဤမေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ (က) လစ်လပ်နေသော ဆရာဝန်တစ်ဦး အမြန်ဆုံးခန့်ထားပေးရန်နဲ့ လစ်လပ်နေသောဝန်ထမ်းများ တိုးချဲ့ဖွဲ့စည်းခန့်ထားပေးရန် အစီအစဉ် ရှိ /မရှိ။ (ခ) ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ /မရှိ။ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ခန့်ထားဖြည့်ဆည်းပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံများရဲ့ဆန္ဒအရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၃၉။

ဥက္ကဋ္ဌ။ ။မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

အချိန်၊ ၁၀း၃၉။

ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန )။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်း၊ အမှတ် (၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ဖြေကြားရမယ်ဆိုရင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ သကျက်တောတိုက်နယ်ဆေးရုံမှာ တိုက်နယ်ဆရာဝန် (၁)ဦး လစ်လပ်လျက်ရှိတယ်ဆိုတာ မှန်ပါတယ်။ ဒီတိုက်နယ်ဆရာဝန်ကို ကျွန်တော်တို့ မကြာခင်ရှေ့လမှာ သစ်လွင်ဆရာဝန် (၁၅၀၀)သင်တန်းဆင်းလာတဲ့အခါမှာ ကျွန်တော်တို့လက်ရှိ ဆေးရုံကြီးတွေမှာ တာဝန်ထမ်းဆောင်ပြီးတော့ (Trainning)ရပြီးသား ဆရာဝန်များထဲကနေပြီးတော့ ခန့်ထားပေးသွားမယ် ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံမှာ လက်ရှိအမျိုးသမီး ကျန်းမာရေးဆရာမခွင့်ပြု (၁)ဦး၊ ခန့်ထား (၁)ဦး ရှိပါတယ်။ သားဖွားဆရာမ ခွင့်ပြု (၅)ဦး၊ ခန့်ထား (၄)ဦး၊ (၁)ဦး လစ်လပ်လျက် ရှိပါတယ်။ လစ်လပ်လျက်ရှိတဲ့ သားဖွားဆရာမ ရာထူးနေရာများမှာလည်း သားဖွားဆရာမသစ်လွင် ခန့်ထားရေးပြုလုပ်နေတာ ဖြစ်တဲ့အတွက် ရတဲ့အခါမှာ ဝန်ထမ်းသစ် ခန့်ထားရေးမူအရ စီစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆေးပစ္စည်းများနဲ့ ပတ်သက်လို့ပြောရမယ်ဆိုလို့ရှိရင် ဆေးရုံများမှာ လိုအပ်တဲ့ ဆေးရုံ သုံးပစ္စည်းတွေကို သူ့ဆေးရုံရဲ့ သူ့ရဲ့ဖွဲ့စည်းပုံအဆင့်အလိုက် ဒီဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့အခါမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအနေနဲ့ သတ်မှတ်ပုံစံမှာ ပြည့်စုံစွာ ဖြည့်ပြီးတော့ ပြည်နယ်နှင့်တိုင်းဦးစီးမှူးထံကနေတစ်ဆင့် တင်ပြလာလို့ရှိရင် စိစစ်ပြီးတော့ ထောက်ပံ့ပေးနေပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့အနေနဲ့ သကျက်တောတိုက်နယ်ဆေးရုံအတွက်ကိုလည်း ဒီဆေးရုံရဲ့အဆင့်၊ တိုက်နယ်ဆေးရုံရဲ့အဆင့်နဲ့ လျော်ညီသော ဆေးရုံသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြတောင်းခံဖို့လည်း

**အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ တောင်းခံစာ ရောက်လာတဲ့အခါ ကျွန်တော်တို့ စိစစ်ပြီးတော့ ထောက်ပံ့သွားမယ်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ )**

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။ ။အစီအစဉ်(၆)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။**

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ )။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်၊ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့** အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က ၁၂ - ၁၂ -၂၀၁၂ နေ့မှာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီက ဇန်နဝါရီလ (၂၂)ရက်နေ့မှာ အစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်း မှာဆိုရင် အပိုဒ် လေး ခုပါရှိပါတယ်။

လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါတယ် - (က) ဤဥပဒေကြမ်းရဲ့ခေါင်းစဉ်အမည်ဟာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေလို့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီဥပဒေကို ၁၉၉၃ မှာ တစ်ခါ၊ ၂၀၀၃ မှာ တစ်ခါ၊ ၂၀၁၀ မှာ တစ်ခါဥပဒေအမှတ် ၁၂/၉၃၊ ၇/၂၀၀၃ နှင့် ၃၅ /၂၀၁၀ တို့နဲ့ ပြင်ဆင်ထားတဲ့အတွက်ကြောင့်မို့လို့ ဒီရှေ့က ပြင်ဆင်ထားပြီးတာနဲ့ ရောထွေးမှုမရှိစေရန် ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေလို့ ပြင်ဆင်သင့်ပါတယ်လို့ ဥပဒေကြမ်း ကော်မတီက တင်ပြလိုပါတယ်။

ဤဥပဒေကြမ်းရဲ့ မူလဥပဒေကြမ်းမှာ ဗဟိုကောင်စီဆိုတဲ့ စကားရပ်အတိုကောက် တွေ သုံးနှုန်းထားပါတယ်။ ဥပဒေမှာလည်း အလုပ်အမှုဆောင်အဖွဲ့နှင့် အမှုဆောင်အဖွဲ့ လုပ်ထုံးလုပ်နည်းများမှာ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ စတာတွေကို သုံးနှုန်းထားပြီးတော့ Defination အနေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖွင့်ဆိုထားတာကို မတွေ့ရပါဘူး။ ဒါကြောင့် မို့လို့ ပြည့်စုံစေရန်အတွက် ဗဟိုကောင်စီနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ ဆိုတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဖော်ပြရန်လိုအပ်လာပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)ရဲ့ နောက်မှာ ပုဒ်မခွဲ (ဃ)နှင့် (င)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြလိုပါတယ် -

(ဃ) ဗဟိုကောင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို ဆိုသည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆေ အဖွဲ့ကို ဆိုသည်ဆိုတဲ့ Defination ကို အပိုဒ် ၂ ခု အသစ် ဖြည့်စွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ဖော်ပြခဲ့တဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)မှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆိုတဲ့ စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယင်းစကားရပ်နှင့် ညီညွတ်မှုရှိစေရန်

လက်ရှိမြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) နဲ့ ပုဒ်မ ၂၉ တို့မှာပါရှိနေတဲ့ မိမိရဲ့အလုပ်အမှုဆောင်အဖွဲ့ဆိုသည့်စကားရပ်နဲ့ ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့ဆိုတဲ့ စကားရပ်တွေနေရာမှာ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဆိုတဲ့ စကားရပ်နဲ့အစားထိုးပြင်ဆင်ဖို့ ရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၌ ပါရှိသော မိမိ၏အလုပ်အမှုဆောင်အဖွဲ့ ဆိုသည့် စကားရပ် နဲ့ ပုဒ်မ ၂၉ ၌ ပါရှိသော ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့ဆိုသည့် စကားရပ်တို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆိုသည့်စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်လို့ ဥပဒေကြမ်းမှာ အပိုဒ် ၃ အဖြစ် ထပ်မံဖြည့်စွက်သင့်ပါကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြလိုပါတယ်။

ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၈ မှာ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌ မှအစ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်လို့ သုံးနှုန်းထားပါတယ်။ ဒီနေရာမှာ ရွေးကောက်တင်မြှောက်ရမည် ဟူတဲ့ စကားရပ်ကို အသုံးအနှုန်းပိုမိုတိကျမှန်ကန်စေရန်အတွက် ရွေးချယ်တင်မြှောက်ရမည်လို့ ပြင်ဆင်သင့်ပါကြောင်းလည်း တင်ပြလိုပါတယ်။

အထက်ဖော်ပြပါအတိုင်း Defination တွေရယ် နောက်တစ်ခါရွေးချယ်တင်မြှောက်ရမည်လို့ ပြင်ဆင်ခဲ့တဲ့အတွက် ကြောင့်မို့လို့ ဒါတွေနဲ့ တစ်ဆက်တည်း လိုက်လျောညီထွေရှိအောင်လို့ ဒီဥပဒေကြမ်းအပိုဒ် ၂၊ ပုဒ်မ ၉ နဲ့ အပိုဒ် ၂၊ ပုဒ်မ ၁၀ တို့မှာ ဗဟိုကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဆိုတဲ့ စာသားနေရာမှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုပြီး ပြောင်းလဲဖို့ နဲ့ အမှုဆောင်အဖွဲ့ဝင်ဆိုတဲ့ စာသားနေရာမှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်လို့လည်း စာသားပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၉ မှာ ရွေးကောက်တင်မြှောက်ခြင်း ခံရသော ဆိုတဲ့ စာသားနေရာမှာ ရွေးချယ်တင်မြှောက်ခြင်းခံရသောလို့ပြင်ဆင်သင့်ပြီးတော့ ပုဒ်မ ၁၀ မှာ သတ်မှတ်ခြင်း နှင့် ရွေးချယ်ခန့်ထားခြင်း ပြုလုပ်နိုင်သည် ဆိုတဲ့ စာသားနေရာမှာ သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်နိုင်သည်လို့ ပြင်ဆင်သင့်ပါကြောင်း တင်ပြလို့ပါတယ်။

ဒီဥပဒေကြမ်းရဲ့ အပိုဒ် ၄၊ ပုဒ်မ ၁၆ မှာ အစားထိုးဖို့ဖော်ပြထားတဲ့ မြို့နယ် အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ၅ နှစ် ဖြစ်သည်လို့ ဥပဒေကြမ်းကိုတင်ပြတဲ့အခါမှာ ဖော်ပြထားပါတယ်။ ဒီနေရာမှာ (၅)နှစ်ဆိုတာကို ဂဏန်းနဲ့ ရေးသားဖော်ပြထားတဲ့အတွက်ကြောင့်မို့လို့ ဥပဒေရေးထုံးနဲ့ညီညွတ်စေရန် စာသားနဲ့ ငါးနှစ် လို့ ပြင်ဆင်သင့်ပါကြောင်း လည်း တင်ပြလိုပါတယ်။

ဒီဥပဒေကြမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၉၇ (က)နှင့် ညီညွတ်စေရန် ပြည်ထောင်စု လွှတ်တော်ကပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရ မည်လို့ ဖြည့်စွက်သင့်ကြောင်းလည်း တင်ပြလိုပါတယ်။ အစားထိုးသင့်တဲ့ ပုဒ်မကတော့ -

ပုဒ်မ ၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည် ဟူသည့် ပုဒ်မကို ဖြည့်စွက်သင့်တဲ့ အတွက်ကြောင့်မို့လို့ အပိုဒ် ၇ အဖြစ် ဒီပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ထည့်သွင်းသင့်ပါကြောင်း တင်ပြအပ်ပါ တယ်။

ဒီလို ပြုပြင်ပြောင်းလဲပြီးတဲ့ အခါမှာ ဒီဥပဒေကြမ်းမှာ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့ကို ဖြည့်စွက်ထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မူလအပိုဒ် ၂ အား အပိုဒ် ၄ အဖြစ် လည်းကောင်း၊ မူလအပိုဒ် ၃ အား အပိုဒ် ၅ အဖြစ် လည်းကောင်း ပြောင်းလဲ အမှတ်စဉ် ပြီးတော့ မူလအပိုဒ် ၄ ကိုလည်း အပိုဒ် ၆ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ပါကြောင်းလည်း တင်ပြလိုပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ **အမျိုးသားလွှတ်တော်၊** ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် တင်ပြအစီရင်ခံ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

၂၀၁၃ ခုနှစ်၊ လ ရက်

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁

ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် (၁)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် (၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၂

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)နှင့် (င)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဃ) ဗဟိုကောင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို ဆိုသည်။

(င)ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

၃။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၌ ပါရှိသော မိမိ၏ အလုပ်အမှုဆောင်အဖွဲ့ ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉ ၌ ပါရှိသော ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့ ဆိုသည့် စကားရပ်တို့ကို ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် (၂)ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် (၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၊

ပုဒ်မ ၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

ပုဒ်မ ၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီ ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်းလည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြားဗဟိုကောင်စီဝင် ခုနှစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း (၁၅) ဦးဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင် နာယကများကို သတ်မှတ်ခြင်းနှင့်ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် (၄)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် (၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၆

၆။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့်အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ငါးနှစ် ဖြစ်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် (၆)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် (၆)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၇

၇။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဥ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့်ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် (၇)ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် (၇)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ) အရ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ် ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်ထောင်စုအစိုးရ ကိုယ်စား ကျန်းမာရေးဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို စဉ်းစားပေးနိုင် ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံမှ အဆိုပြုတင်သွင်းခဲ့တာဖြစ်ပါတယ်။ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များဟာ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့မှာ စတင်ပြဋ္ဌာန်းခဲ့ပြီးတော့

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့မှာ တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့မှာ တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၃၁)ရက်နေ့မှာ တစ်ကြိမ် ပြင်ဆင်တဲ့ဥပဒေများ ပြဋ္ဌာန်းခဲ့ပါတယ်။

အခုအခါမှာ လက်ရှိအချိန်ကာလနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် ခေတ်ကာလနဲ့ လိုက်လျောညီထွေမှုရှိစေရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)**။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဌေးနိုင်က ထောက်ခံပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ )

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၀)ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)**။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

၁။ ပြည်ထောင်စုလွှတ်တော်က ၂ - ၁ -၂၀၁၃ နေ့တွင် အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၅ - ၁- ၂၀၁၃ ရက် နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ယင်းဥပဒေကြမ်းတွင် အပိုဒ် ၁၀ ခုပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

**၂။** အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းအား လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရ ပါသည် -

(က) ဤဥပဒေကြမ်း အပိုဒ် ၆ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၆နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥက္ကဋ္ဌဆိုသည့်စကားရပ်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဟူသည့် ဖော်ပြချက် အစား အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့် ပြည့်စုံစွာပါဝင်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဟု ပြင်ဆင်ထား ပါတယ်။

(ခ) ဤဥပဒေကြမ်း အပိုဒ် ၇၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)တွင် အစားထိုးရမည့် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်တွင် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍လည်းကောင်းအခြားဒေသ များတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သော ဝန်ထမ်းများကို အစားအသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန် ပေးအပ်နိုင်သည်ဟူသည့် စကားရပ်တွင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနဟူသော စာသား၏နောက်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့နှင့် ညှိနှိုင်း၍လည်းကောင်း **ဟူသော စာသားအား** ပိုမိုပြည့်စုံ စေရန် ဖြည့်စွက်သင့်ပါတယ်။

(ဂ) ဤဥပဒေကြမ်း အပိုဒ် ၁၀၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)တွင် အစားထိုးရမည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် - ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟူသော စကားရပ် တွင် နည်းဥပဒေများဟူသော စာသား၏နောက်၌ စည်းမျဉ်း၊ စည်းကမ်းများ ဟူသော စာသားအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ (က)(၁)နှင့် ညီညွတ် စေရန်အတွက် ဖြည့်စွက်သင့်ပါတယ်။

ကော်မတီ၏သဘောထားမှတ်ချက်

**၃။** ဥပဒေကြမ်းကော်မတီသည် အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက် ထားခြင်းဖြစ်၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြ အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား အစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်း နိုင်ကြောင်းကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၆၊ ပုဒ်မ ၁၆၊ ၁၇

ပုဒ်မ ၁၆၊ ၁၇ တို့တွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၆၊ ပုဒ်မ ၁၆၊ ၁၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၊ ပုဒ်မ ၁၆၊ ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၇၊ ပုဒ်မ ၁၉ (ခ)

အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

(ခ) နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်တွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍ လည်းကောင်း၊ အခြားဒေသများတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့နှင့်ညှိနှိုင်း၍လည်းကောင်း သင့်လျော်သောဝန်ထမ်းများကို အစားအသောက်စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၇၊ ပုဒ်မ ၁၉ (ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၊ ပုဒ်မ ၁၉ (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁၀၊ ပုဒ်မ ၃၈ (က)

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်ကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၁၀၊ ပုဒ်မ ၃၈ (က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၊ ပုဒ်မ ၃၈ (က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက်အပိုဒ် ၁ မှ ၁၀ တို့သည်ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

**ဥက္ကဋ္ဌ**။ ။ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။ အဆိုအတည် ဖြစ်တဲ့ အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ )

## ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ) အရ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က

အတည်ပြုပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား။ ကျွန်တော် ကျန်းမာရေးဝန်ကြီးအနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား ဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်နေတဲ့ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို စဉ်းစားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံ အဆိုတင်သွင်း ခဲ့တာဖြစ်ပါတယ်။ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအား ၁၉၉၇ ခုနှစ် ရေးဆွဲပြဋ္ဌာန်းခဲ့တာ ဖြစ်ပြီးတော့ လက်ရှိအချိန်အခါအခြေအနေနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှုရှိစေရန် အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)**။ ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းအား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာလှသိန်း မှ အမျိုးသား လွှတ်တော်မှ အတည်ပြုသင့်ကြောင်း ထောက်ခံအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုအတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။ ]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။ အဆိုအတည်ဖြစ်တဲ့အတွက် အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ )

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသောSME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည့် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၁၄)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားတဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်

အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် (၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၉၇ ခုနှစ်မှာ အာဆီယံအသင်းဝင် ဖြစ်ခဲ့ပါတယ်။ ASEAN SUMMIT ၂၀၀၇ ခုနှစ် အစည်းအဝေးကြီး မှ အာဆီယံရဲ့ Free Trade Area (AFTA) အပေါ် အခြေခံပြီး အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community - AEC) ကို ၂၀၁၅ ခုနှစ်မှာ စတင်ပြီး အပြည့်အဝ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်အတည်ပြုခဲ့ကြတာဖြစ်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းရဲ့ ပန်းတိုင်ဟာ အာဆီယံကို တစ်ခုတည်းသော ဈေးကွက်နဲ့ ထုတ်လုပ်မှု အခြေခံဒေသအဖြစ် ထူထောင်ရန်ဖြစ်ပါတယ်။

AEC လုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ်မှ စတင်ပြီး အပြည့်အဝ ကျင့်သုံး ကြရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ အရေးကြီးစာရင်းမှာ ပါဝင်တဲ့ ကုန်ပစ္စည်းများမှလွဲ၍ ကျန်သွင်းကုန်ပစ္စည်းများအားလုံး အခွန်ကောက်ခံမှုကို သုညရာခိုင်နှုန်းသို့ လျှော့ချကြ

ရမှာ ဖြစ်ပါတယ်။ အကောက်ခွန်မဟုတ်တဲ့ အတားအဆီး (Non Tariff barrier) များကိုလည်း တစ်ချိန်တည်း ပယ်ဖျက်ပေးရမှာ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများမှ ကုန်ပစ္စည်းများ ပြည်တွင်းသို့ လွတ်လပ်စွာစီးဆင်းကြရုံမက ဝန်ဆောင်မှုများ၊ အရင်းအနှီးများ၊ နည်းပညာများနဲ့ ကျွမ်းကျင်လုပ်သားများလည်း လွတ်လပ်စွာ ဝင်ရောက်လာကြမှာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ နိုင်ငံရဲ့အဓိကကျတဲ့ အသေးစားနဲ့ အလတ်စား စက်မှုလက်မှုလုပ်ငန်းများဖြစ်တဲ့ SME လုပ်ငန်းများအဖို့ ကြီးမားတဲ့ စိန်ခေါ်မှုများနဲ့ မလွဲမသွေရင်ဆိုင်ကြရတော့မှာ ဖြစ်ပါတယ်။ ပြည်ပမှ အကောက်ခွန်မဲ့ ဝင်လာမယ့်ကုန်ပစ္စည်းများနဲ့ မိမိပြည်တွင်း SME လုပ်ငန်းများမှ ထုတ်လုပ်တဲ့ကုန်ပစ္စည်းများဟာ အဓိကအားဖြင့် ကုန်ပစ္စည်းအရည်အသွေးနဲ့ ဈေးနှုန်းတို့မှာ ဈေးကွက်ဝေစုရရှိရန် ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အသေးစားနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်းများအရေအတွက်ဟာ ၃၁ -၇-၂၀၁၂ရက်နေ့အထိ စာရင်းအရ အသေးစားစက်မှုလက်မှု လုပ်ငန်း (၃၁၁၃၇)ခုနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်း အရေအတွက် (၇၀၈၇)ခု မှတ်ပုံတင်ထားရှိလျက်ရှိရာ စက်မှုလုပ်ငန်းစုစုပေါင်းရဲ့ (၈၈.၈၈)ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ရဲ့ SME လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများဟာ ၂၀၁၅ ခုနှစ်မှာ ပြည်ပမှ အကောက်ခွန်မဲ့ ဝင်ရောက်လာမယ့် အာဆီယံနိုင်ငံများရဲ့ ကုန်ပစ္စည်းများနဲ့ အရည်အသွေးနဲ့ ဈေးနှုန်းမှာ ယှဉ်ပြိုင်နိုင်မှု မရှိခဲ့ရင် လုပ်ငန်းအရှုံးပေါ်ပြီး စက်ရုံအလုပ်ရုံများ ပိတ်သိမ်းရခြင်းနဲ့ ပြည်သူအများ အထူးသဖြင့် အခြေခံလူတန်းစားများ အလုပ်လက်မဲ့ဘဝ ဆိုက်ရောက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စက်မှုကဏ္ဍတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဆင့်ဆင့်တို့ကို ဖွဲ့စည်းပြီး ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်ပေးမှုများ ရှိခဲ့သော်လည်း မြန်မာ့စက်မှုလက်မှုကဏ္ဍဟာ အကြောင်းအမျိုးမျိုးကြောင့် တိုးတက်သင့်သလောက် တိုးတက်မှု မရှိသေးကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ယခုလက်ရှိ လေ့လာတွေ့ရှိချက်အရ SME လုပ်ငန်းများ အချိန်ပြည့် လည်ပတ်ဖို့အတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝ မရရှိတဲ့အတွက် ဒီဇယ်စက်သုံးဆီနဲ့ လည်ပတ်နေရတဲ့အတွက် ကုန်ကျစရိတ်ပိုမိုများပြားခြင်း၊ အရင်းအနှီး၊ နည်းပညာနဲ့ ကျွမ်းကျင်လုပ်သားများ မရှိခြင်း၊ စက်မှုကုန်ကြမ်းသွင်းကုန်များ အချိန်မီ တင်သွင်းနိုင်ရန် ခက်ခဲခြင်းနှင့် အခြားအခြေခံအဆောက်အအုံများ ပြည့်စုံမှုမရှိခြင်းတို့ကြောင့် မြန်မာ့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲ အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိနေကြောင်း လေ့လာ တွေ့ရှိရပါတယ်။

မြန်မာ့စက်မှုလက်မှု လုပ်ငန်းရှင်များအနေနဲ့ ၂၀၁၅ ခုနှစ် AEC လုပ်ငန်းစဉ်ကို အပြည့်အဝ စတင်အကောင်အထည်ဖော် ဆောင်ရွက်လာရချိန်မှာ ပြည်ပမှ အကောက်ခွန်မဲ့ လွတ်လပ်စွာစီးဝင်လာကြမယ့် ကုန်ပစ္စည်းများကြောင့် မိမိတို့စက်ရုံများမှ ထွက်ကုန်များ၊ ဈေးကွက် ပျောက်၍ အရှုံးပေါ်ပြီး လုပ်ငန်းဆက်လက်ရပ်တည်ရန် ခက်ခဲတဲ့အတွက် မိမိအလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ရမယ့် အခြေအနေများကို စိုးရိမ်ပူပန်လျက် ရှိနေကြကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ SME လုပ်ငန်းများ ဆက်လက်ရှင်သန် ရပ်တည်နိုင်ဖို့၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ဖို့အတွက် မူဝါဒများ ချမှတ်ခြင်း၊ SME ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းများနဲ့ လုပ်ငန်းဇယားများ ရေးဆွဲအကောင်အထည်ဖော် ဖို့ အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုများဟာလည်း တိကျသေချာဖို့ အထူးအရေးကြီးပါတယ်။ စက်မှုလုပ်ငန်းများကို လိုအပ်သလို အဆိုင်းလိုက် လည်ပတ်နိုင်ရန် (၂၄)နာရီ လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား (၂၄)နာရီ အပြည့်အဝ မပေးနိုင်ရင် SME လုပ်ငန်းများ ရှင်သန် ရပ်တည်ဖို့ များစွာ ခက်ခဲမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်တွင်းမှာရှိတဲ့ စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေကို (၂၄)နာရီ လုပ်ငန်းလည်ပတ်နိုင်အောင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးနိုင်ဖို့ မလွဲမသွေ စီမံဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ စက်မှုဇုန် တစ်ခုချင်းအလိုက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ဘယ်လောက်လိုမလဲ။ လိုတဲ့ လျှပ်စစ်ဓာတ်အားကို ဘယ်လျှပ်စစ်ဓာတ်အား

စက်ရုံက ပေးမလဲ။ လိုအပ်မယ့် လျှပ်စစ်ဓာတ်အားကို တွက်ချက်ပြီး အလုံအလောက် မပေးနိုင်ဘူးဆိုရင် ပေးနိုင်အောင် နည်းလမ်း ဘယ်လိုရှာမလဲ။ ဒါတွေကို ပွင့်ပွင့်လင်းလင်း တင်ပြညှိနှိုင်းဆောင်ရွက်ကြဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ လိုအပ်ရင် ပြည်သူကို ချပြ။ လွှတ်တော်ကို တင်ပြ အတည်ပြုချက်ရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမျိုး ကိုလည်း ဆောင်ရွက်သင့်ရင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ယခုကတည်းက လုပ်ရန် ရှိသည်များကို ကြိုတင်မပြုလုပ်ဘဲ တကယ့်အချိန်ကျမှ လျှပ်စစ်ဓာတ်အား အလုံအလောက် မရလို့ စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့် မလည်ပတ်နိုင်ဘူးဆိုရင် လျှပ်စစ်ဓာတ်အား ကို လျှပ်စစ်စွမ်းအားဝန်ကြီးမှာ အဓိက တာဝန်ရှိသူ ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့်မို့ ယခုကတည်းက လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ထားဖို့ အရေးတကြီး လိုအပ်နေပြီဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်ကတော့ SME လုပ်ငန်းများ အရင်းအနှီး လိုအပ်နေမှုကို အဆင်ပြေသွားအောင် စီမံဖန်တီးပေးဖို့အပိုင်း ဖြစ်ပါတယ်။ SME လုပ်ငန်းများ၊ လုပ်ငန်းရှင် များ လုပ်ငန်းအရင်းအနှီးအတွက် ဘဏ်များမှ ငွေချေးတဲ့အခါမှာ မရွှေ့ပြောင်းနိုင်တဲ့ အာမခံပစ္စည်းများကို အပြည့်အဝ မတင်သွင်းနိုင်သလို ချေးငွေရရှိရန် ကြန့်ကြာမှုများ ရှိနေကြောင်း၊ အရင်းအနှီးမရှိ၍ လုပ်ငန်းများ တိုးချဲ့ရန် အခက်ကြုံနေလျက် ရှိနေကြောင်း လေ့လာသိရှိရပါတယ်။ SME လုပ်ငန်းများ ငွေချေးရာမှာ အဆင်ပြေ ချောမွေ့စေဖို့အတွက် နိုင်ငံတော်အစိုးရက မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ကို အသေးစားနဲ့ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် SME ဘဏ်အဖြစ်သို့ အသွင်ပြောင်းလဲ၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ချေးငွေထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒ့ါအပြင် ချေးငွေအာမခံအဖွဲ့အစည်း (Credit Guaranty Corporation)ကို ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ကိုလည်း JICA၊ IMF တို့နဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ချေးငွေအာမခံအဖွဲ့အစည်း ဖွဲ့စည်းပြီး၊ ဖွဲ့စည်းပြီးရင်တော့ SME လုပ်ငန်းရှင်များ အာမခံပစ္စည်းတင်သွင်းရန် မလိုတော့ဘဲ ချေးငွေများ ရရှိနိုင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အရှေ့တောင်အာရှနိုင်ငံများမှာ ထိုင်းနိုင်ငံဟာ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးနိုင်ငံ ဖြစ်ပါတယ်။ SME လုပ်ငန်းများအနေနဲ့ GDP ပါဝင်မှုဟာ၊ ပါဝင်မှုအချိုးဟာ ၄ဝ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း လေ့လာသိရှိရပါတယ်။ ထိုင်းနိုင်ငံဟာ ၁၉၉၇ -၉၈ ခုနှစ်မှာ အာရှစီးပွားရေး အကျပ်အတည်း ကြုံတွေ့ရပြီးနောက်ပိုင်း အစိုးရက SME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေရန် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ထိုင်းအစိုးရအနေနဲ့ SME လုပ်ငန်းများ မြှင့်တင်ရေး ရုံးအဖွဲ့ ဖွဲ့စည်းခြင်း၊ SME လုပ်ငန်းများ ငွေချေးရာမှာ ချေးငွေအပေါ် အာမခံပေးခြင်း၊ အတိုးနှုန်းသက်သာစေခြင်း၊ အကူအညီများပေးခြင်း၊ အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပြုခြင်းနှင့် အခွန်မကောက်ခံသော ကာလသတ်မှတ်ခြင်းများကို အဓိကထား ဆောင်ရွက်ပေး လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ SME လုပ်ငန်းများ တိုးတက်မှုအတွက် သင့်လျော်တဲ့ မူဝါဒများချမှတ်ရာမှာ ထိုင်းရဲ့ SME မူဝါဒများကိုလည်း လေ့လာပြီး မိမိတို့နှင့် သင့်လျော်မယ့်အချက်များကို လိုအပ်သလို ထည့်သွင်းချမှတ်နိုင်ပါက ပိုမိုပြည့်စုံတဲ့ မူဝါဒများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ SME လုပ်ငန်းများ အရင်းအနှီးနဲ့ပတ်သက်လို့ အခက်အခဲ မရှိစေရေး မြန်မာနိုင်ငံတော် ဗဟိုဘဏ်က တာဝန်ရှိမှုနဲ့ တာဝန်ခံမှုအပိုင်းကို ခံယူကျင့်သုံး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဆင့်မြင့်နည်းပညာများကို အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့အသုံးပြုတဲ့ နည်းပညာနိမ့်နေရင် ကုန်ပစ္စည်းများရဲ့ အရည်အသွေး ကျဆင်းမှုနဲ့ ကုန်ကျစရိတ်ကြီးမားမှုများ ရှိနေမှာ ဖြစ်ပါတယ်။ မိမိတို့ SME လုပ်ငန်းများ အသုံးပြုတဲ့ စက်ပစ္စည်းများဟာ ယှဉ်ပြိုင်မယ့်နိုင်ငံများရဲ့ နည်းပညာများထက် မြင့်တဲ့ ခေတ်မီတဲ့ စက်ပစ္စည်းများ အသုံးပြုနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အစိုးရအနေနဲ့ SME ထုတ်လုပ်ခြင်းကို ခေတ်မီနည်းပညာများ အသုံးပြုနိုင်ဖို့နဲ့ တီထွင်ဖန်တီးနိုင်မှု အခွင့်အလမ်းများကို ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းများ ဘယ်လောက်ပဲ ပြည့်စုံနေသော်လည်း နည်းပညာပိုင်း မယှဉ်နိုင်ရင် မိမိ SME လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရန် မဖြစ်နိုင်တာကြောင့် ခေတ်မီတဲ့နည်းပညာကို

ဝယ်ယူအသုံးပြုကြရမှာ ဖြစ်ပါတယ်။ SME လုပ်ငန်းရှင်များက ယခုကတည်းက ကြိုတင် စဥ်းစားမျှော်မှန်း ဆောင်ရွက်ထားဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လျှင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့ လိုင်စင်များကို နေ့ချင်းပြီး ရရှိအောင် ဆောင်ရွက်နိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ရန် အောက်ခြေကို လုပ်ပိုင်ခွင့်များ ခွဲဝေပေးထားရမှာ ဖြစ်ပါတယ်။ အောက်ခြေတာဝန်ယူရတဲ့ ဝန်ထမ်းများကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိကြရမှာ ဖြစ်ပါတယ်။ အခွန်ငွေ သက်သာခွင့်၊ ကျွမ်းကျင်လုပ်သားများ အပြည့်အဝ ရရှိရေး၊ အရောင်းဈေးကွက် ရှာဖွေမြှင့်တင်နိုင်မှုစတဲ့ အခွင့်အလမ်းများကို ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ SME လုပ်ငန်းများဟာ နိုင်ငံတော်အစိုးရရဲ့ အကာအကွယ်ပေးမှုအပေါ် လွန်ကဲစွာ မှီခိုမှုမရှိစေရန်၊ ၎င်းတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်ဖြင့် နိုင်ငံတကာ အရည်အသွေးမီ စံချိန်စံညွှန်းပြည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုလည်း မူဝါဒချမှတ်ဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ အာဆီယံစီးပွားရေး အသိုက်အဝန်း AEC လုပ်ငန်းစဥ်ကြီးဟာ ၂၀၁၅ ခုနှစ်မှာ မလွဲမသွေ အကောင်အထည် ဖော် ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွက် အထူးသဖြင့် SME လုပ်ငန်းများ အတွက် စိန်ခေါ်မှုများရှိနေသလို အခွင့်အလမ်းများလည်း ရှိနေပါတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ကြရတော့မယ့်အချိန်ဟာ တစ်နှစ်ကျော်ကျော်သာ ကျန်ရှိတော့တာ ဖြစ်ပါတယ်။ ပေါ့ပေါ့တန်တန် သဘောထားပြီး ကြိုတင်ပြင်ဆင်မှုကို အသင့်အတင့်သာ ပြုလုပ်ပါက မိမိတို့ အထိနာမှာ ဖြစ်ပါတယ်။ အလေးအနက်ထားပြီး အားစိုက်ဆောင်ရွက်နိုင်မှ တန်ကာကျမယ့် အခြေအနေမျိုး ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဥ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်

ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(ဩဘာသံများ )

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၇။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီဝင် ဖြစ်ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)ရဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးတဲ့ SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ၂၀၁၅ ခုနှစ်မှာ ပြုလုပ်မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ Community ၊ AEC ရဲ့ စီမံချက်ပါ ( ASEAN Free Trade Area AFTA) ကို အကောင်အထည်ဖော် ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။ သို့ပါ၍ အာဆီယံနိုင်ငံများတွင် အချင်းချင်း တင်ပို့ကုန်၊ သွင်းကုန်များအတွက် အကောက်ခွန်များကို လျှော့ချကြရမှာဖြစ်ပြီး မိမိနိုင်ငံရဲ့ထွက်ကုန်များမှာ အာဆီယံနိုင်ငံများအတွင်း ဈေးကွက်

ရစေရန် ဆောင်ရွက်ကြရမည်ကို သက်ဆိုင်သူများအား ကြိုတင်အသိပေးဆောင်ရွက်ထားရန် လိုအပ်မှာ ဖြစ်ပါတယ်။ AEC စီမံချက်ကြောင့် စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့ ဆန်များဟာလည်း နောင်အခါတွင် ဈေးကွက်ရရှိရန် အရေးကြီးကြောင်း သတိထားပြီး စိုက်ပျိုးရေးထွက်ကုန်များကို ဆောင်ရွက်ကြရန် ကုန်သည်ကြီးများ၊ စိုက်ပျိုးရေးသမားများကို ကြိုတင်သိရှိအောင် ဆောင်ရွက်ပေးထားရန် လိုအပ်မှာ ဖြစ်ပါတယ်။

AEC မှာ ပထမဆုံး Free Flow of Goods ကုန်ပစ္စည်းများ လွတ်လပ်စွာ စီးဆင်းနေနိုင်ခြင်းအတွက် ဆောင်ရွက်ရန်လိုအပ်မှာဖြစ်တဲ့အတွက် ကုန်သွယ်ရေးမူဝါဒဟာလည်း အလွန်အရေးကြီးပြီး ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်သော မူဝါဒများ ချမှတ်ပေးခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါတယ်။ ပို့ကုန်များ တိုးပွား၍ ပို့နိုင်ရန်၊ ထုတ်ကုန်များကို ဖြေလျှော့သင့်သည်များကို မူဝါဒအရ ဖြေလျှော့ပေးရန်လိုအပ်ပါတယ်။ သို့မှသာ By-Lateral , Multi-Lateral စသည်ဖြင့် ကုန်သွယ်ရေးမျိုးကို ဖန်တီးနိုင်ပြီး ကမ္ဘာ့ဈေးကွက်အတွင်းတွင် ဝင်ရောက်ထိုးဖောက်နိုင်စွမ်းအား မြင့်မားလာမှာ ဖြစ်ပါတယ်။ ကာလတို၊ ကာလရှည် ငွေကြေးအရင်းအနှီးများ စီးဝင်၊ စီးထွက်မှုအတွက် ငွေကြေးဈေးကွက်နဲ့ အရင်းအနှီးဈေးကွက်တို့အပေါ် ယုံကြည်စိတ်ချမှုရှိအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဗဟိုဘဏ်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရင်းနှီးမြှုပ်နှံမှုဘဏ်တို့ဟာ မှန်ကန်သည့် စည်းမျဉ်းစည်းကမ်းများအောက်မှာ တည်တည်ငြိမ်ငြိမ် လုပ်ထုံးလုပ်နည်း ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းနဲ့ လည်ပတ်နိုင်အောင် ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာ စီးဆင်းနိုင်ရန် Free Flow of Investment၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ အလုပ်လုပ်ခွင့်ပြုရန် Free Flow of Skill Labour၊ ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာ စီးဆင်းနိုင်ရန် Free Flow of Services များ စီမံဆောင်ရွက်ထားကြရမှာ ဖြစ်ပါတယ်။ အာဆီယံရဲ့ AEC စီမံချက်အရ ဖြစ်ပေါ်လာမယ့် ဈေးကွက်နဲ့ ကုန်စည်စီးဝင်မှု၊ အကောက်ခွန်လျှော့ချမှုတို့ကြောင့် မိမိတို့နိုင်ငံရဲ့ စီးပွားရေးကို မထိခိုက်ဘဲ အာဆီယံနိုင်ငံများနဲ့အတူ ရင်ပေါင်တန်း လိုက်နာရန် AEC စီမံချက်နှင့် ထွက်ကုန်၊ ပို့ကုန်တို့ကို စဥ်းစားပြီး ကြိုတင်ဆောင်ရွက်ထားသင့်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ အရ နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ ဒါကြောင့် အလုပ်အကိုင်လေ့ကျင့်ရေး၊ သင်ကြားရေးသင်တန်းများကို ပြောင်းလဲနေသော စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေ လေ့ကျင့်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်း လိုလိုမှာ မိမိတို့တိုင်းပြည်တွင်ရှိသော စက်ရုံများမှာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် အံဝင်ခွင်ကျ ဖြစ်တဲ့ လေ့ကျင့်ရေး၊ သင်ကြားရေးသင်တန်းများကို ဖွင့်လှစ် ပို့ချပေးနေကြပါတယ်။ ပြောင်းလဲနေသော ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေ သော ရင်းနှီးမြှုပ်နှံမှုများအရ ဒီရရှိလာမယ့်လုပ်ငန်းများအတွက် အလုပ်အကိုင်များ ရရှိစေမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရှိ အလုပ်သမားဥပဒေပါ အလုပ်အကိုင်သင်ကြားရေး၊ လေ့ကျင့်ရေးများကို ဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။ ပြောင်းလဲနေသော နည်းပညာနဲ့ လိုက်လျောညီထွေဖြစ်တဲ့သင်တန်းများ ဥပမာ CNC၊ Plasma Electric Welding Automic Contorl System များ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် တိုးတက်ဖြစ်ပေါ်လာမယ့် နည်းပညာပိုင်းဆိုင်ရာ စက်ရုံအလုပ်ရုံများအတွက် လိုအပ်သော လုပ်သားများရရှိပြီး အလုပ်လက်မဲ့များလည်း လျော့နည်းကာ ဆင်းရဲမှုလျော့ကျစေမှာ ဖြစ်ပါတယ်။ အလုပ်သမားများကို ပြောင်းလဲတိုးတက်နေသည့် စက်မှုလက်မှုနည်းပညာများနဲ့အညီ လုပ်ကိုင်နိုင်စေရန်အတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးပြီး လုပ်သားများ လေ့ကျင့်ပြုစုပျိုးထောင်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လိုအပ်ပါက သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများ၊ SME များ သတ်မှတ်ချက်နဲ့ပတ်သက်၍တင်ပြရရင် အသေးစားလုပ်ငန်းအတွက် ထုတ်လုပ်မှုကဏ္ဍ မှာ မြေအရင်းအနှီးဖိုးမပါ ရင်းနှီးငွေကျပ်သန်း (၅၀၀)အောက်နဲ့ လုပ်သား (၁၀)ဦးမှ (၇၀)ဦး သတ်မှတ်ပြီး ဝန်ဆောင်မှုကဏ္ဍမှာ မြေဖိုးမပါ ရင်းနှီးငွေကျပ်သန်း (၂၀၀)အောက်နဲ့ လုပ်သား (၁၀)ဦးနဲ့ (၅၀)ဦးသာ သတ်မှတ်ထားပါတယ်။ အလတ်စားလုပ်ငန်းများအတွက် ထုတ်လုပ်မှု

ကဏ္ဍမှာ ကျပ်သန်း (၁၀၀၀)အောက်နဲ့ လုပ်သား (၇၀)ဦးမှ (၁၅၀)ဦး၊ ဝန်ဆောင်မှု ကဏ္ဍမှာ ရင်းနှီးငွေကျပ်သန်း (၅၀၀)အောက်နဲ့ လုပ်သား (၅၀)ဦးမှ (၁၀၀)ဦး သတ်မှတ်ထားပါတယ်။

မှတ်ပုံတင်ထားတဲ့ SME များမှာ အသေးစားလုပ်ငန်း (၃၁၄၇၉)ခု၊ အလတ်စား (၇၁၉၂)ခု၊ အကြီးစား (၄၆၀၈)ခုတို့ဖြစ်ပြီး စားသောက်ကုန်နဲ့ အဖျော်ယမကာလုပ်ငန်းများ အများဆုံးပါဝင်ပြီး ရန်ကုန်၊ မန္တလေးမြို့များမှာ အများဆုံး တွေ့ရမှာဖြစ်ပါတယ်။ SME များအတွက် လိုအပ်ချက်တွေကတော့ ၁၊ အရင်းအနှီး (Investment) ၂၊ နည်းပညာ (Technology) ၃၊ ကျွမ်းကျင်လုပ်သား (Skill labour)၊ ၄၊ ခေတ်မီစက်ပစ္စည်း (Modern Machine) ၅၊ ကုန်ကြမ်း (Raw Material) ၆၊ ဈေးကွက် (Marketing) ၇၊ လျှပ်စစ် လိုအပ်ချက် (Electirc Supply)တို့ ဖြစ်ပါတယ်။ အရင်းအနှီးအတွက် နိုင်ငံတော်မှ SME ဘဏ်များ ဆောင်ရွက်ပေးမည်ဟုသိရ၍ တိုင်းရင်းသားလုပ်ငန်းရှင်များနဲ့ လုပ်သားများ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါတယ်။ သို့သော်လည်းပဲ လုံလောက်အောင်တော့ ချေးငှားပေးစေလိုပါတယ်။

နည်းပညာနဲ့ ကျွမ်းကျင်လုပ်သားများ ရရှိရေးအတွက် သင်တန်းများပေး၍ ဆောင်ရွက်လျက်ရှိရာ လက်တွေ့ကျကျ SME လုပ်ငန်းခွင်တွင်းမှ လုပ်သားများကို ခေါ်ယူသင်တန်းပေးသင့်ကြောင်း တင်ပြလိုပါတယ်။ လိုအပ်သော ပုံစံ (Mould Model) များရေးဆွဲရာမှာ လိုအပ်သော Pattern များကို ယခင်က လက်နဲ့ရေးဆွဲခဲ့ရသော်လည်း ယခုအခါ ကွန်ပျူတာဖြင့် Pattern များ ရေးဆွဲနိုင်မည် ဖြစ်ပါတယ်။ ခေတ်မီစက်ပစ္စည်းများ အနေနဲ့ SME လုပ်ငန်းများအလိုက် ကွင်းဆင်း၍ SME များ ချိတ်ဆက်ပေါင်းစပ်ပြီး ဥပမာ ချည်ထည်လုပ်ငန်းစု၊ တွင်ခုံလုပ်ငန်းစု၊ ဂျုံလုပ်ငန်းစု၊ ကြာဆံခေါက်ဆွဲလုပ်ငန်းစု စသဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ ခေတ်မီကိရိယာများ လဲလှယ်ပြောင်းလဲ တပ်ဆင်အသုံးပြုရန် စည်းရုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကုန်ကြမ်းကိုတော့ သင့်တင့်သောဈေးနဲ့ ရရှိအောင်ဆောင်ရွက်ပေးပြီး သင့်လျော်သော ဈေးနှုန်းရအောင် ဈေးကွက်ကိုလည်း ရှာဖွေပေးရမှာ ဖြစ်ပါတယ်။

လျှပ်စစ်ရနိုင်မယ့်နေရာများမှာ စက်ရုံများတည်၍ ဆောင်ရွက်စေခြင်း၊ ဒါမှမဟုတ် စက်ရုံများ လျှပ်စစ်မီးရအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ရန်အတွက်

အဆိုရှင်တင်ပြထားသော (က)တိကျတဲ့မူဝါဒ၊ (ခ)တိကျသောဥပဒေ၊ နည်းဥပဒေများ၊ (ဂ)တိကျခိုင်မာသော SME Center များနဲ့ (ဃ) Testing Service Center များနဲ့ မလွဲမသွေ ရှိရန်လိုအပ်မှာ ဖြစ်ပါတယ်။ လုပ်ငန်းများဟာလည်း အချိန်နဲ့တစ်ပြေးညီ အရေးတကြီး အလျင်အမြန် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ဒုတိယသမ္မတကြီး ဦးဉာဏ်ထွန်း က ဖေဖော်ဝါရီ (၂၃)ရက် နေ့မှာ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်မှာ SME နဲ့ ပတ်သက်လို့ ပြင်ပရင်းနှီးမြှုပ်နှံမှု များကြောင့် နိုင်ငံသားများ ထိခိုက်နစ်နာမှုကို ကာကွယ်နိုင်ရန် မူဝါဒ (၄)ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံသားများအကျိုးစီးပွား မထိခိုက်စေလိုသည့် အချက် (၁)ချက် ပါဝင်ကြောင်း၊ ပြည်တွင်းရှိ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှု မရှိစေရေး ယှဉ်ပြိုင်မှုစွမ်းအား မြင့်မားတိုးတက်လာစေရန် အသေးစားနဲ့ အလတ်စား လုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှုစွမ်းအားများကို တိုးတက်အောင် ပြုလုပ် ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံမှ စက်မှု ထွန်းကားသည့်နိုင်ငံအဖြစ် တက်လှမ်းရန် ကြိုးစားဆဲဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးမှု နောက်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းအများစုမှာ အသေးစားနှင့် အလတ်စားလုပ်ငန်း အများဆုံးဖြစ်ကြောင်း၊ မိမိတို့ထူထောင်ထားပြီးဖြစ်တဲ့ စက်မှုဇုန် အသီးသီးကို လေ့လာကြည့်ရင်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပါဝင်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်ရာ စီးပွားရေးအရှိန်အဟုန် ရပြီးဖြစ်သည့် အခြားအိမ်နီးချင်းနိုင်ငံများထက်စာလျှင် အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းပြည်ပမှ အရင်းအနှီးများ ဖိတ်ခေါ်ရခြင်း ဖြစ်သော်လည်း ပြည်တွင်း၌ရှိပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှုမရှိအောင် အားပေးမြှင့်တင် ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်စည်နှင့် ဝန်ဆောင်မှု များ ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာ စီးဝင်ပေးရသည့်အခါ ပြည်တွင်းမှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှု မရှိအောင် တားဆီးကာကွယ်ရန်နှင့် အားပေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဈေးကွက်များသို့ ချိတ်ဆက်

ဆောင်ရွက်နိုင်သည့် အထောက်အကူပြု စီးပွားရေးကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေး မြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ စီးဝင်လာမယ့် ကုန်စည်ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေး မြှင့်တင်ရန်၊ အသေးစားနှင့် အလတ်အစား စီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ကူညီ ပံ့ပိုးပေးရန်၊ နည်းပညာနဲ့အရင်းအနှီးရရှိရေးအတွက် ပြည်တွင်းပြည်ပ နိုင်ငံတကာ အဖွဲ့အစည်း များနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊ ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက် နိုင်ရေး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်အားပေးရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် သုတေသန လုပ်ငန်းများ မြှင့်တင်ပြီး အတားအဆီးအခက်အခဲများဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေးဆောင်ရွက် ရန်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့ပါတယ်။

သို့ပါ၍ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို မိနစ် (၂၀)ခေတ္တ နားပါမယ်။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး** ။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး** ။ ။အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၄၀)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၂း၀၀) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။ ]

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး ။** ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၀။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ၂၀ -၂-၂၀၁၃ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)ကဒေါက်တာမြင့်ကြည်ရဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၁၅ခုနှစ်အတွက် အရေးကြီးသော SME များဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ်မှာ ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဆွေးနွေးတဲ့ နေရာမှာ မူဝါဒ၊ ဈေးကွက်၊ နည်းပညာစတဲ့ ရှုထောင့်တွေကနေပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ SME ဆိုတာ Small and medium Enterprises ဆိုတဲ့ ဝေါဟာရကို အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများလို့

ပြန်ဆိုသုံးနှုန်းထားပါတယ်။ စီးပွားရေးလုပ်ငန်းများဟု ဖော်ကျူးထားတဲ့အတွက် ကဏ္ဍအသီးသီးက စီးပွားရေးလုပ်ငန်းတွေအားလုံး ပါဝင်နေတာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းများ တစ်ခုတည်း ကိုသာဆိုလိုခြင်း မဟုတ်ပါဘူး။ လက်ရှိအခြေအနေမှာ တစ်နိုင်ငံလုံးမှာ စက်မှုလုပ်ငန်းပေါင်း (၁၂၆၉၅၈) ရှိတဲ့အနက် အသေးစား၊ အလတ်စားစက်မှု လုပ်ငန်းပေါင်း (၁၂၆၂၃၇)ခု ရှိတဲ့အတွက် စက်မှုလုပ်ငန်းတစ်ခုလုံးရဲ့ (၉၄.၄)ရာခိုင်နှုန်း ရှိကြောင်းတွေ့ရှိရပါတယ်။

ဒီအချက်အလက်ကတော့ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးနဲ့ ဒုသမ္မတ (၂) ဆွေးနွေးတဲ့ အချက်တွေထဲကနေပြီးတော့မှ ဒီကိန်းဂဏန်းကို ဖော်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီအထဲမှာ စက်မှုဇုန်များကလည်း ပါဝင်နေတာကို တွေ့မြင်ရမှာပါ။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းမှာ ပါဝင်ပြီးတော့ လွတ်လပ်တဲ့ ကုန်သွယ်မှု သဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် စီးပွားရေး အရှိန်အဟုန် ရနေပြီဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ ဈေးကွက်ကြီးဖြစ်မသွားဖို့၊ အိမ်နီးချင်းနိုင်ငံများကနေ ပြီးတော့မှ ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်စည်တွေ ဝင်လာရေးနဲ့ သူတို့နိုင်ငံရဲ့ထွက်ကုန်တွေကို ကျွန်တော်တို့နိုင်ငံမှာရောင်းချတဲ့ ဈေးကွက်ကြီး ဖြစ်မသွားဖို့ လိုမှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြတဲ့ တိုင်းရင်းသား လုပ်ငန်းရှင်များ ယိမ်းယိုင်ပြိုလဲ မသွားဖို့ ၂၀၁၅ မတိုင်မီ ဆောင်ရွက်စရာ ရှိတာတွေကို ဆောင်ရွက်ဖို့၊ အချိန်ကာလနဲ့ တွက်ကြည့်မယ်ဆိုရင် (၃)နှစ်သာကျန်တော့တဲ့ အတွက် ပြဿနာနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းရမယ့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တွေ့ကြုံနေရတဲ့ အခြေအနေများအရ ဆောလျင်စွာ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ရာမှာ ဘဏ္ဍာရေးနဲ့ အခွန်ကဏ္ဍဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ စွမ်းဆောင်ရည် အပြည့်ရှိတဲ့ ဘဏ္ဍာရေးမူဝါဒ ရည်မှန်းချက်လုပ်နည်းလုပ်ဟန်တွေကို ဈေးကွက်စီးပွားရေးစနစ်၊ လူဦးရေစုစုပေါင်းရဲ့ (၇၀)ရာခိုင်နှုန်းကျော်နေထိုင်တဲ့ ကျေးလက် ဒေသနဲ့ တောင်သူလယ်သမားများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုမယ့်

ကျေးလက်ဘဏ္ဍာရေးစနစ်၊ လွတ်လပ်စွာ စီးဝင်လာမှုအပေါ် ယှဉ်ပြိုင်နိုင်စွမ်းရှိမယ့် အလိုအလျောက် ဈေးကွက်ရရှိရေးစနစ်၊ ကျွန်တော်တို့ ဈေးကွက်ကို ရှာစရာမလိုဘဲနဲ့ ကျွန်တော်တို့ ထုတ်တဲ့ပစ္စည်းဟာ အလိုအလျောက်ဈေးကွက်ဖြစ် သွားဖို့ ဒီမူဝါဒကိုလည်း ကျွန်တော်တို့ ရည်မှန်းပြီးတော့မှ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နောက်ဈေးနှုန်းကို ထိန်းညှိပေးမယ့် ကျွန်တော်တို့ တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်အပေါ်မှာ အခွန် ကောက်ခံတဲ့စနစ်နဲ့ ထောက်ပံ့ငွေပေးတဲ့စနစ် (၂)မျိုးလုံးကို ကျွန်တော်တို့ မူဝါဒချမှတ်ပြီးတော့မှ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အဲဒီတော့ မူဘောင်ချမှတ်ကျင့်သုံးခြင်းနဲ့ အသေးစားတွေကို အလတ်စားဖြစ်အောင်၊ အလတ်စားတွေကို အကြီးစားဖြစ်အောင် တွန်းပို့ပေးနိုင်မယ့် လုပ်ငန်းတွေကို ကျွန်တော်တို့က ယခုကတည်းက မူဝါဒချမှတ်ပြီးတော့မှ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျေးလက်ဒေသ စုဆောင်းမှုချေးငွေပေါ်လစီနဲ့ နည်းပညာ အကူအညီရရှိဖို့အတွက် ဆောင်ရွက်သွားရမှာဖြစ်တယ်။ ရန်ပုံငွေတစ်ရပ် ထူထောင်ဖို့လည်း မဖြစ်မနေ လိုအပ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် စွမ်းရည်တည်ဆောက်မှုအတွက် လူမှုရေး အဖွဲ့အစည်းများ ဖွဲ့စည်းပြီးတော့ ကုန်ကျစရိတ်ထိရောက်ထက်မြက်မှုရှိတဲ့ လုပ်ငန်းတွေကို သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ထွက်ကုန်နဲ့ ဝန်ဆောင်မှုများဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်ရေး စာရင်းကိုင်စနစ်နဲ့ သတင်းအချက်အလက်များရရှိရေး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

စာရင်းကိုင်စနစ်ကို ကျွန်တော် ထည့်သွင်းပြီးတော့မှ ဆွေးနွေးရတဲ့အကြောင်းဟာ ဒီနေ့ခေတ်ကာလဟာ အုပ်ချုပ်မှုစာရင်းကိုင်ပညာများကို သုံးစွဲနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီမှာ လက်ရှိကျင့်သုံးနေတဲ့ T Account စနစ်တွေကို မသုံးတော့ဘဲနဲ့ ကျွန်တော်တို့ ငွေကြေးနဲ့ ပိုင်ဆိုင်မှုအချိုးတွေကို ဖော်ပြနေတဲ့ အုပ်ချုပ်ရေးစာရင်းကိုင်စနစ်ကို သုံးစွဲဖို့ တိုက်တွန်းထားတဲ့ လိုအပ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ နောက် ကုန်ကျစရိတ် လျှော့ချရေးနည်းပညာ၊ ကျွန်တော်တို့ဟာ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ဈေးကွက်ကို ဖော်ထုတ်ဖို့ ဆိုလို့ရှိရင် ကုန်ကျစရိတ်ကို လျှော့ချရေးနည်းပညာ လိုအပ်မှာဖြစ်ပါတယ်။

ခုနက ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့ ဒီကုန်ကျစရိတ်ဟာ နိုင်ငံတကာက နေပြီးတော့မှ၊ အခြားသော အိမ်နီးချင်း နိုင်ငံကနေပြီးတော့မှ ဝင်ရောက်လာမယ့် ကုန်စည်

တွေအပေါ်မှာ ယှဉ်ပြိုင်နိုင်မှု မရှိဘူးဆိုရင် ကျွန်တော်တို့ ကုန်ကျစရိတ်ကို လျှော့ချနိုင်ဖို့ လုပ်ရမယ်။ ဒါမှမဟုတ် ထောက်ပံ့ကြေးပေးတဲ့ စနစ်နဲ့ တစ်ယူနစ် ကုန်ကျစရိတ် လျော့ကျသွားအောင် ဆောင်ရွက်ပေးဖို့ လိုပါမယ်။ ဒါတွေ ကိုလည်း ကျွန်တော်တို့မူဝါဒချမှတ်တဲ့ အထဲမှာ ထည့်သွင်းပြီးတော့မှ ဆောင်ရွက်သွားရမှာ ဖြစ်တဲ့အတွက် နိုင်ငံတကာ စည်းမျဉ်းများ၊ အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်နေရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ကုန်စည်ထုတ်လုပ်မှုနဲ့ ဈေးကွက်ရရှိမှု၊ ဈေးကွက်အသာစီး ရရှိမှုအတွက် ကြိုတင်သတင်းအချက်အလက် စုဆောင်းခြင်း၊ စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ကွပ်ကဲခြင်းနဲ့ ဆီလျော်တဲ့ ဘဏ္ဍာရေးမူဝါဒ ငွေကြေးပေါ်လစီများကို မျှော်မှန်းထူထောင်ထားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုရဲ့ထုတ်ကုန်ဟာ အခြားလုပ်ငန်းတစ်ခုရဲ့ သွင်းအားစုအဖြစ် ကြိုတင်ထူထောင်ထားမယ်ဆိုရင် အလိုအလျောက် ဈေးကွက်ရရှိသွားမှာဖြစ်ပါတယ်။ အဲဒီလို ခွဲခြားလုပ်ကိုင်နိုင်တဲ့ စနစ်မျိုးဖြစ်သွားတဲ့အတွက် ကျွမ်းကျင်မှုအရည်အသွေးတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။

ဒါ့အပြင် တစ်နိုင်တစ်ပိုင် လုပ်ငန်းများလည်း ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ကုန်စည်တစ်ခုကို အစအဆုံး ထုတ်လုပ်မယ့်စနစ်မျိုးအစား အဆင့်တစ်ခုကို သီးခြားထုတ်လုပ်မယ်ဆိုရင် တစ်ခုရဲ့ထုတ်ကုန်ဟာ အခြားလုပ်ငန်းတစ်ခုရဲ့ သွင်းအားစု ဖြစ်သွားစေမယ်ဆိုရင် ကျွန်တော်တို့သည် အလိုအလျောက် ဈေးကွက်ရရှိတဲ့စနစ်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒီလိုသာ ထုတ်လုပ်မှ ကျွန်တော်တို့သည် ဒီလုပ်ငန်းတစ်ခုက ထွက်ကုန်ဟာ အခြားလုပ်ငန်းတစ်ခုရဲ့ ကုန်ကြမ်းအဖြစ် ပြန်လည်သုံးစွဲနိုင်တဲ့ လုပ်ငန်းမျိုးကို ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ အရေအတွက်များများ ထုတ်လုပ်တဲ့လုပ်ငန်းမျိုးကိုလည်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အရေအတွက် များများထုတ်လုပ်ခြင်းအားဖြင့် တစ်ယူနစ် ကုန်ကျစရိတ်ဟာလည်း လျော့သွားပြီးတော့မှ အခြားအိမ်နီးချင်းနိုင်ငံများကနေပြီးတော့မှ စီးဝင်လာမယ့် ကုန်စည်တွေနဲ့လည်း ယှဉ်ပြိုင်နိုင်စွမ်းအားရှိလာမှာဖြစ်ပါတယ်။

အသေးစားကနေပြီးတော့မှ အလတ်စားလုပ်ငန်းတွေ ဖြစ်လာအောင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိဖို့ စက်မှုလုပ်ငန်းတိုင်းက မော်တော်ယာဉ် ထုတ်လုပ်နေမယ့်

အစား မော်တော်ယာဥ် တစ်စီးမှာပါတဲ့ အစိတ်အပိုင်းတွေ မျှဝေထုတ်လုပ်ခြင်းဖြင့် အလိုအလျောက် ဈေးကွက်ကို ဖန်တီးပုံဖော်ရင်းနဲ့ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းသွားနိုင်မှာ ဖြစ်ပါတယ်။ အရေအတွက်များများ ထုတ်လုပ်နိုင်ခြင်းဖြင့် ကျွမ်းကျင်မှုတွေ ပိုမိုတိုးတက်လာပြီးတော့မှ တစ်ယူနစ်ကုန်ကျစရိတ်တွေလည်း လျော့သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်မယ့် စီးပွားရေးကုန်ထုတ်လုပ်ငန်းများ၊ ဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းနဲ့ အထောက်အကူပြုစီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ယှဥ်ပြိုင်နိုင်စွမ်း ရှိလာမှာဖြစ်ကြပါတယ်။ အရင်းအနှီးနဲ့ နည်းပညာရရှိရေးအတွက် ပြည်တွင်းငွေကြေးပေါ်လစီ ချမှတ်ခြင်း၊ နိုင်ငံတကာထောက်ပံ့ငွေနဲ့ နည်းပညာရရှိရေး၊ ပြည်ပအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ကြိုတင်မူဘောင်ချမှတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းတင်ပြရင်းနဲ့ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်း ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီးတော့ အေးချမ်းကြပါစေလို့ မေတ္တာပို့သရင်း ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)က ဒေါက်တာမြင့်ကြည် ရဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဥ်ပြိုင်နိုင်ရေးမူဝါဒများကို ဆောလျင်စွာ

ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တာနဲ့အညီ အာဆီယံ ပဋိညာဉ်များကို လေးစားလိုက်နာ ရမှာဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ခုနှစ်မှာတော့ အာဆီယံနိုင်ငံများရဲ့ သဘောတူစာချုပ် များအရ အာဆီယံဒေသတွင်း လွတ်လပ်စွာကုန်သွယ်မှုကို စတင်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ၂၀၀၁ -၂၀၀၉ခုနှစ်အတွင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ အာရှပစိဖိတ် နိုင်ငံများရဲ့ စီးပွားရေးလုပ်ငန်းများမှာ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ ပါဝင်မှုဟာ (၉၀)ရာခိုင်နှုန်းကျော်ရှိပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုမှာလည်း အများဆုံး ဆိုတာကို လေ့လာတွေ့ရှိ ရပါတယ်။

အဲဒါကြောင့်မို့လို့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဟာဆိုရင် မြန်မာနိုင်ငံတော်ရဲ့ ဆောင်ရွက်ဆဲဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ အလုပ်လက်မဲ့ လျှော့နည်းပပျောက်ရေးတို့ကိုလည်း တိုက်ရိုက် အမှန်တကယ် ဖြေလျှော့ပေးနိုင်မယ့် လုပ်ငန်းလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ (၃)ခုမှာ တစ်ခု နဲ့တစ်ခု အပြန်အလှန်တည်မှီပြီးတော့ ရှိနေတာဖြစ်တဲ့အတွက်ကြောင့်မိုလို့ တစ်ခုကို ပံ့ပိုးကူညီ အကောင်အထည်ဖော်ပေးလိုက်ခြင်းအားဖြင့် အားလုံးကို ကူညီဆောင်ရွက်ပြီးသား ဖြစ်မှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ကျွန်မတို့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မများအရ နိုင်ငံတော်၏တာဝန်များကို၊ နောက်တစ်ခါ နိုင်ငံသား တွေရဲ့ ဆောင်ရွက်ရမယ့်တာဝန်များကို (၂)ပိုင်း ဒါသတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါ(၂)ပိုင်းစလုံးမှာလည်း အပြန်အလှန် အကျိုးပြုလျက်ရှိတာကိုလည်း ကျွန်မတို့ လေ့လာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံနည်းဥပဒေ ၃၁ မှာ နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၅ အရ နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ဖြစ်သည်ဟု လည်းကောင်း၊ပုဒ်မ ၃၇၀ တွင် နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသား

စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၃၇၁ တွင် နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ ၃၈၈ မှာတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မနိဂုံးချုပ်အနေနဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ အတိတ်က အားနည်းချက်၊ အားသာချက်များ၊ ပစ္စုပ္ပန်အခြေအနေရဲ့ လိုအပ်ချက်များကို လေ့လာသုံးသပ်ပြီးတော့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လက်ရှိလိုအပ်လျက်ရှိသော အချက်အလက်များအားဖြေရှင်းပေးနိုင်ရန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အုပ်ချုပ်စီမံခန့်ခွဲမှုများ၊ နောက်တစ်ခါ ဘဏ္ဍာငွေအရင်းအနှီးလိုအပ်ချက်များ၊ နောက်တစ်ခါ နည်းပညာနဲ့ဈေးကွက်များ နောက်ယှဉ်ပြိုင်နိုင်မှုတို့အတွက် အားလုံး အဖက်ဖက်ကနေပြီး၊ ဘက်ပေါင်းစုံကနေပြီး ၂၀၁၅ မှာ ကျွန်မတို့ နိုင်ငံတော်ရဲ့ စီးပွားရေးအရ၊ အသေးစား၊ အလတ်စား စီးပွားရေးအရ ဝင်ရောက်ပြီး ယှဉ်ပြိုင်နိုင်ဖို့အတွက် လိုအပ်တာတွေကို နိုင်ငံတော်က ဒါယှဉ်ပြိုင်နိုင်ဖို့ အတွက် နိုင်ငံတော်ကနေ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေနဲ့ စည်းမျဉ်းစည်းကမ်း၊ အမိန့် ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း တင်ပြရင်းနဲ့ ကျွန်မ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် (၈)က ဦးမြင့်ကြည် ရဲ့ အာဆီယံ၏ စီးပွားရေးနဲ့ပတ်သက်တဲ့ အဆိုကို ကျွန်မ ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ**။ ။ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၈။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်အနေနဲ့ ရှေ့ကကျွန်တော်တို့ ဆွေးနွေးသွားတာလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားကြပြီးပါပြီ။

ကျွန်တော် အဓိကအချက်၊ လိုအပ်တဲ့အချက်လေးတွေကို ဖြည့်ပြီးဆွေးနွေး သွားပါ့မယ်။ ကျွန်တော့်အနေနဲ့ SME ဆိုတာ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းဖြစ်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ဆိုရင်ဒါက ဟိုအရင်တုန်းက ရှိခဲ့ပြီးတဲ့လုပ်ငန်းလည်း ဖြစ်ပါတယ်။ ဥပမာ - ကျွန်တော် တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့တွေ အထူးသဖြင့် ရန်ကုန်၊ မန္တလေးမှာ ကျွန်တော်တို့ လသာတို့၊ လမ်းမတော်တို့ ဆိုလို့ရှိရင် ဒါလက်လီလက်ကားဆိုင်၊ အဲဒီ လက်လီလက်ကားဆိုင်လို့ ပြောသော်ငြားလည်းပဲ လက်လီလက်ကားဆိုင်တွေဟာ တကယ့် နိုင်ငံခြားကို တိုက်ရိုက်ဆက်သွယ်ပြီးတော့ လုပ်ခဲ့တဲ့ သာဓကတွေလည်း တွေ့ရပါတယ်။

ဒါကြောင့်မိုလို့ ကျွန်တော် တင်ပြချင်တာက အဲဒီကျေးရွာဒေသမှာလည်း လက်လီလက်ကားဆိုင်တွေ၊ မြို့မှာလည်း လက်လီလက်ကားဆိုင်တွေကို များများ အားပေး ပြီးတော့ ဒါခုနကလိုပေါ့ ခုနက အသေးစားငွေချေးလုပ်ငန်းတွေကို ဒါမတည်ပေးဖို့ လိုပါတယ်။ အဲဒီမှာ အဲဒီလက်လီလက်ကားဆိုင်တွေဟာ နောက် ဘယ်အဆင့်အထိ ဖြစ်လာ သလဲဆိုရင် ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီးတော့ ခုနက နယ်က နေပြီးတော့ ပစ္စည်းတွေကို မှာတယ်။ စုတယ်။ ဝယ်တယ်။ ပြီးရင် နိုင်ငံခြားပို့တယ်။ တရုတ်ပြည်ကို တိုက်ရိုက် ပို့တယ်။ ဒါဟာခုနလို လက်ရှိ လတ်တလော အခြေအနေ။

ဒါဟာခုနကလို ဆန်တွေ ဝယ်တယ်၊ပို့တယ်။ အဲဒီတော့ ဘာတစ်ခု လိုအပ်လည်း ဆိုတော့ အဲဒီမှာ နံပတ် (၁)က အခြေခံဖြစ်တဲ့ ဘာသာစကား ကျွမ်းကျင်မှု၊ ဒါဟာဘာသာ စကားမကျွမ်းကျင်ရင် ဘယ်အလုပ်မှလုပ်လို့မရဘူး။ ကိုယ်က တပည့် ချည်းပဲခံရမှာပဲ။ သူလိမ်လည်းခံရမှာပဲ။ နောက်တစ်ခါ အခြေခံစာရင်းကိုင်ပညာ၊ ဒါတွေဟာလည်း မတတ်လို့ ရှိရင်မရဘူး။ ဒါခုနကလိုပေါ့၊သူများလိုဘာမှသိမှာမဟုတ်ဘူး။ နောက် တစ်ခါ ကျွန်တော်တို့ Computer၊ Fax ဒါကတော့မဖြစ်မနေ၊ နည်းနည်း အဆင့်မြင့်သွားလို့ရှိရင်တော့ နိုင်ငံခြား မှာသင်တဲ့ Supply Change in Manangement ဆိုတာ ခုနကလို တစ်နိုင်ငံနဲ့ တစ်နိုင်ငံဆက်သွယ်လို့ရှိရင်ဒါက လိုအပ်တဲ့အချက်အလက်တွေ၊ ဘာသာရပ် Economic ဘာသာရပ်၊ အခုမြန်မာနိုင်ငံမှာ သိပ်တောင် မရှိပါဘူး။ ရှိတော့ ရှိတယ်၊ နည်းနည်း ပါးပါးလေးပဲ၊ ခုနကလိုပေါ့ Logistic and Supply Change Manangement ဒါဟာမဖြစ်မနေ ကျွန်တော်တို့တွေ နိုင်ငံမှာသင်ရမယ့်ဟာ။ ဒါ International နဲ့ ဆက်သွယ်လို့ရှိရင် ဒါခုနကလိုပေါ့ ရှိရမယ်၊ ဒါလေးတွေပေါ့၊ ဒါလိုအပ်ပါတယ်လို့ ပထမအချက်အနေနဲ့ တင်ပြချင်ပါတယ်။

ဒုတိယအချက်က အသေးစား ကျွန်တော်တို့ လက်မှုလုပ်ငန်းတွေ၊ စက်မှု လုပ်ငန်းတွေ၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့ စင်ကာပူမှာဖြစ်ဖြစ်၊ ကျန်တဲ့နိုင်ငံပဲ ဖြစ်ဖြစ် သွားကြည့်လို့ရှိရင် ကုန်တိုက်တွေမှာဆိုလို့ရှိရင် တရုတ်ပစ္စည်းတွေချည်းပဲ။ ဘာလို့လဲဆို အဲဒီလက်မှုပစ္စည်းတွေ၊ ခုနကလိုပေါ့၊ ကော်ရုပ်လေးတွေ၊ ဟိုဥစ္စာ ကျွန်တော်တို့ ဒီဖက်ခေါင်းအုန်းလေးတွေတို့၊ ခွေးရုပ်လေးတွေတို့၊ မျောက်ရုပ်လေးတွေတို့ ဒါတွေဟာ ကော်အသေးစားစက်မှုလုပ်ငန်းတွေ။ နောက်တစ်ခါ ခြင်းယက်တာတို့၊ လက်မှု အသေးလေးတွေတို့၊ ဒါတွေဟာ ကျွန်တော်တို့ အသေးစားလက်မှုလုပ်ငန်းတွေကို ကျွန်တော်တို့ နောက်ပိတ်ဆုံး တစ်ပြည်လုံးမှာရှိတဲ့ ကျွန်တော်တို့ လက်မှုလုပ်ငန်းလေးတွေ အသေးစားလေးတွေကို ဒါဟာ ခုနကလိုပေါ့၊ ကုန်စည်ပြပွဲလိုပြသ၊ ပြသပြီးတော့ နိုင်ငံတွေကို ဖိတ်ခေါ်၊ ဖိတ်ခေါ်ပြီးတော့ စာချုပ်၊ ဒါတွေဟာဆိုလို့ရှိရင် များများ လုပ်ပေး လို့ရှိရင် ဒါတွေဟာ ကျွန်တော်တို့တွေ ခုနကလိုပေါ့၊ အသေးစား စက်မှုလုပ်ငန်းတွေကို ချဲ့လာကြပါတယ်။

နောက်တစ်ခုက ဒါက ကျွန်တော်တို့ အသေးစားနဲ့ ပတ်သက်ပြီးတော့ပေါ့။ နောက်တစ်ခါ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဘာဖြစ်လဲဆိုတော့ ခုန အသေးစားအလတ်စားဆိုပြီးမှ ခုနကလိုပေါ့၊ ကျွန်တော်တို့ လက်လီလက်ကားဆိုသော် ငြားလည်း စိုက်ပျိုးရေးနဲ့ သွားဆက်စပ်တယ်။ အဲဒီတော့စိုက်ပျိုးရေးမှာ မျိုးကောင်းမျိုးသန့် ဖြစ်ပြီးကျွမ်းကျင်မှ ကောင်းဖို့ မျိုးစပ်ထွက် ကောင်းမှ ဒါကို နိုင်ငံခြားက ကြိုက်မှာ၊ အဲဒီလိုမဟုတ်လို့ရှိရင် Reject တွေ ပြန်လာလို့ရှိရင် တစ်ခါ နာ၊ နှစ်ခါ နာ ဖြစ်တတ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒါတွေကိုလည်း စိုက်ပျိုးရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းဟာ ဆက်သွယ်နေပါတယ်ဆိုတာ တင်ပြလိုပါ တယ်။ နောက်တစ်ခုက ကျွန်တော်တို့ အသေးစား၊ အလတ်စားဆိုတဲ့ အပိုင်းမှာ ကျွန်တော်တို့ ဒါက လက်ရှိကနေပြီးတော့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာ ပြောင်းတယ်။ အဲဒီလိုပြောင်းတဲ့အခါမှာ ဘာလဲဆိုတော့ အခုဧက (၅၀၀)၊ (၁၀၀၀) လုပ်နေ တယ်။ လုပ်နေတာတွေဆိုရင် ဒါတွေက လယ်စိုက်ပြီဆိုတာနဲ့ ရေသွင်းရမယ်။ ရေသွင်းပြီ ဆိုတာနဲ့ ကျွန်တော်တို့ ဒီလယ်သမားတွေဟာ ဒီအပေါ်မှာ အလဟဿ မထားဘဲနဲ့ ငါးမျိုးစိတ်တွေချထားတာ၊ (၄)လဆို ဒါခုနကလိုပေါ့၊ (၃)လ ၊(၄)လ ဆိုရင် ဘာပဲပြောပြော အသားသည် ငါးဆယ်သား၊ အစိတ်သားတွေ ဖြစ်နေပြီ။ ဒါတွေသည် SME ထဲမှာ ပါဝင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြချင်တာက ခုနက အဓိကအချက်က ငွေချေး လုပ်ငန်းရယ်၊ ငွေချေးလုပ်ငန်းကို အာမခံတဲ့ အာမခံစနစ်ရယ်၊ နောက်တစ်ခါ ဘဏ်လုပ်ငန်း တွေ ကျွမ်းကျင်ဖို့ရယ် ဒါတွေလည်း လိုအပ်ပါတယ်။ ဒီခုနကလို SME နဲ့ပတ်သက်ပြီးတော့ ခုနလိုပေါ့၊ ကျွန်တော်ဒီကနေပြီးတော့ ဒီ Economic Result Institute for Asia and East Asia ဒါ ERIA ကနေပြီးတော့ ကောက်ချက်ချထားတာ တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ လိုအပ်ချက်တွေ ASEAN မှာတဲ့ လိုအပ်တဲ့အချက် (၄၂)ချက် ရှိပါတယ်တဲ့။ AEC အနေနဲ့ လုပ်မယ်ဆိုလို့ရှိရင်တဲ့။ အဲဒီ (၄၂)ချက်က အတိုချုံးနဲ့ ကျွန်တော်ပြောပါမယ်။ နည်းနည်းလေး သုံးလေးချက်ကို ထည့်သွင်းပြောရမယ်ဆိုရင် (၁)က လိုအပ်ချက်က စိုက်ပျိုးရေးကဏ္ဍမှာ

(၅)ချက် လိုပါတယ်။ စံနှုန်းသတ်မှတ်ချက်မှာ (၄)ချက် လိုပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ (၂)ချက် လိုပါတယ်။

နောက်တစ်ခါ ASEAN Single Window ဆိုတဲ့ ကျွန်တော်တို့ မြင်သာထင်သာရှိတဲ့ အချက်ဟာ (၂)ချက် လိုပါတယ်။ နောက်တစ်ခုကဟာ ASEAN ပေါင်းစည်းရေးအချက်က (၅)ချက်လိုပါတယ်။ ဒါက ERIA ကနေပြီးတော့ ဒါထုတ်သွားတယ်။ အဲဒီတော့ ကျွန်တော်နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင်တော့ ခုနကလိုပေါ့၊ ERIA ကပဲ ဘာထွက်သွားလဲဆိုတော့ ကမ္ဘာမှာတဲ့ အသေးစားလုပ်ငန်းနဲ့ ဒါခပ်ရှင်းရှင်းပြောလို့ရှိရင်လည်း တရုတ်ပြည်ကစတင်ပြီးတော့ ချမ်းသာလာတာတဲ့ သူတို့က တစ်နှစ်တစ်နှစ်မှာ ဒီ အမေရိကန်ကိုပို့မယ့်အသေးစားပစ္စည်းလေးတွေဟာ ခုနလိုပေါ့၊ (၁၈.၄)ထရီလီယံလောက်၊ ဒါ ခုနလိုပေါ့၊ အမေရိကန်က နိုင်ငံခြားပို့တယ်၊ လုပ်ငန်းတွေနဲ့ပတ်သတ်လို့၊ ဒါပေမဲ့ တရုတ်က ပြန်သွင်းတာကတော့ (၂၀.၁)ထရီလီယံ ဒါပြန်သွင်းတယ်။ အသေးစားလက်မှုလုပ်ငန်း အပါအဝင်ပေါ့လေ။

အဲဒီတော့ ဘာဖြစ်လဲဆိုတော့ အမေရိကန်က တစ်နှစ်တစ်နှစ် Minus အနေနဲ့ GDP (၁၉)ရာခိုင်နှုန်း သူက Minus ဖြစ်တယ်။ အဲလို Minus ဖြစ်နေတဲ့အတွက်ကြောင့် ဒါဘာလဲဆိုတော့ အသေးစားစက်မှုလက်မှု လုပ်ငန်းကနေပြီးတော့ အမြတ်ရရှိတာတဲ့။ အဲဒီတော့လက်ရှိအနေနဲ့ကတော့ ဒီမြို့ရှင်အနေနဲ့က တရုတ်ဖြစ်ပြီးတော့ ကြွေးရှင်အနေနဲ့က အမေရိကန်ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နိုင်ငံက ဒီနိုင်ငံခြားပို့တဲ့ ပစ္စည်းငွေမှန်အမျှ အကုန်လုံး ငွေလွှဲစာချုပ်တွေ ဒါဝယ်ဝယ်ထားပြီးတော့ သူတို့က တကယ့်ကိုအမေရိကန် သူ့ကို ကြွေးပေးစရာရှိတာတွေ ဖြစ်လာတယ်တဲ့။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်ကတော့ ဒီ အသေးစားရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ အသေးစားငွေချေးစနစ်ကို ပီပြင်အောင် ကျွန်တော် လုပ်ဖို့ပေးတယ်။ အသေးစားငွေချေးစနစ်ကိုအာမခံတဲ့ အာမခံစနစ်ကို ပီပြင်အောင် ထားဖို့နဲ့ နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ကျွန်တော်တို့ ဒီလုပ်ငန်းတွေဟာ ဘယ်လိုပဲ အောင်မြင်အောင်မြင် ကျွန်တော်တို့ အဓိကကွပ်ကဲကြပ်မတ်ရမှာကတော့ မူးယစ်ဆေးဝါးနဲ့ လောင်းကစားရေးကို ကြပ်မတ်ရမှာဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က တောမှာကြီးလာရတဲ့သူ

ဆိုတော့ ကျွန်တော်တို့ စိုက်ပျိုးရေးဘဏ်က ငွေထုတ်ပြီဆိုလို့ရှိရင် လယ်သမားတွေ၊ ခုနကလိုပေါ့၊ ဘုံဆိုင်တို့၊ နောက်တစ်ခါ ဖဲဝိုင်းတွေဘာတွေ၊ ခုနကလိုပေါ့၊ ဒါ အများဆုံး တွေ့ကြရတဲ့ နေရာဖြစ်တယ်။ ကျွန်တော်တို့ SME ကို တကယ့်ကို တိုးတက်မှုကို ဟန့်တားတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ဒါကို ထိန်းသိမ်းနိုင်ဖို့ တင်ပြရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်။ (ဩဘာသံများ )

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့ စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၂း၂၅။**

**ဒေါက်တာဒေါ်ခင်စန်းရီ (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန )**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ် အတွက် အရေးကြီးသော SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် အဆိုနဲ့ ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။

အာဆီယံပဋိညာဉ်မှာ အာဆီယံအသိုက်အဝန်းကို အာဆီယံနိုင်ငံရေး လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေး၊ ယဉ်ကျေးမှု အသိုက်အဝန်းဆိုပြီးတော့ (၃)ပိုင်း ပါဝင်ဖွဲ့စည်းရန်သတ်မှတ်ခဲ့ပါတယ်။ အဲဒီအသိုက်အဝန်း များကို ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်လာရေးဟာ အာဆီယံရဲ့ အန္တိမ ရည်မှန်းချက် ဖြစ်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ် ပေါ်ပေါက်လာရေးအတွက် အာဆီယံ စီးပွားရေး အသိုက်အဝန်း အသေးစိတ်ပုံစံ (AEC Blueprint) ကြေငြာစာတမ်း

ကို အာဆီယံနိုင်ငံ ခေါင်းဆောင်များက ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလမှာ လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ဝိသေသလက္ခဏာများဟာ တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုအခြေခံဒေသ (Single Market and Production Base) ဖြစ်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသဖြစ်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသဖြစ်ခြင်းနဲ့ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသော ဒေသဖြစ်ခြင်းတို့ ပါဝင်ပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဟာ အာဆီယံအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် ပေါင်းစပ်ညှိနှိုင်းနေတဲ့ ဝန်ကြီးဌာနပဲ ဖြစ်ပါတယ်။ အာဆီယံဒေသတွင်း ထုတ်လုပ်မှုနဲ့ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရေးလုပ်ငန်း ဒီအာဆီယံ စီမံချက်ပါလုပ်ငန်းတွေကို လုပ်ငန်းကော်မတီ (၁၅)ခု ဖွဲ့စည်းပြီးတော့မှ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီထဲမှာလည်း အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက တစ်ခု အပါအဝင် ဖြစ်ပြီးတော့မှ ဒီလုပ်ငန်းကော်မတီ (၁၅)ခုဟာ အပြန်အလှန် လစဉ်ညှိနှိုင်းဆောင်ရွက် အစည်းအဝေးလုပ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လကလည်း ဒါ နှစ်ပတ်လည် အစည်းအဝေး ပြုလုပ်ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြကြတဲ့အတိုင်း SMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံရဲ့ စီးပွားရေး မူဝါဒများ၊ စီးပွားရေးအဆောက်အအုံအတွင်းမှာရှိတဲ့ SME များကို ထောက်အကူဖြစ်စေမယ့် စီးပွားရေးပတ်ဝန်းကျင်များကို ဒီပံ့ပိုးတဲ့ ဥပဒေစည်းမျဉ်းများ၊ မူဝါဒများ၊ ဘဏ္ဍာငွေအရင်းရရှိနိုင်မှု၊ သင့်လျော်ကောင်းမွန်သော အခြေခံအဆောက်အအုံနဲ့ ကျွမ်းကျင်လုပ်သားများ အလုံအလောက်ရရှိမှု၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုစသည်တို့အပေါ်မှာ မူတည်လျက်ရှိတာကို လက်ခံထောက်ခံပါတယ်ရှင်။

ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁၁ /၂၀၀၃ ဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းခဲ့ပြီး ဒီလုပ်ငန်း ကော်မတီကိုတော့ ဒုတိယသမ္မတက ဦးဆောင်တာဝန်ယူ ဖွဲ့စည်းခဲ့ပါတယ်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကတော့ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ နှင့်အညီ အမျိုးသား စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုများတွင် အချိုးအစား အများဆုံး ပါဝင်နေသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးအတွက် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များမှ ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်ရန်၊ နည်းပညာ လိုအပ်ချက်အတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနဲ့ ချိတ်ဆက် ပညာပေးမြှင့်တင် ရန်၊ မြို့ပြမှ ကျေးလက်အထိ အသေးစား စီးပွားရေးလုပ်ငန်းဈေးကွက် နှင့် အလတ်စား စီးပွားရေးလုပ်ငန်းဈေးကွက်များ ဖွံ့ဖြိုးရေးအားပေးမြှင့်တင်ရန် ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများအတွက် အထောက်အကူပြု စီးပွားရေးလုပ်ငန်းများအဖြစ် ပုံမှန်ဈေးကွက် ချိတ်ဆက်မှု ဖြစ်ထွန်းတိုးတက်လာစေရေး ဆောင်ရွက်ရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရေး စီမံပေးရန်နှင့် လိုအပ်တဲ့ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးရန်တို့ ပါဝင်ပြီးတော့မှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်များမှာတော့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေ များနဲ့ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ပြုစု၍ ဗဟိုကော်မတီတို့တင်ပြရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန်

လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းသုံးသပ်တင်ပြရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတား ဖြစ်နေသောကိစ္စရပ်များအား ဖြေရှင်းပေးရန်၊ ဈေးကွက်များသို့ ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေး၊ ဈေးကွက်ဖွံ့ဖြိုးရေး အားပေးဆောင်ရွက်ရန်၊ ကျွမ်းကျင် လုပ်သားများ ပြည့်စုံလုံလောက်မှုရှိစေရေး လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငွေကြေးအကူအညီ အထောက်အပံ့ရရှိရေး၊ နည်းပညာအကူအညီ အထောက်အပံ့ရရှိရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် အသေးစားငွေချေးလုပ်ငန်း ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရန်၊ အသေးစားလုပ်ငန်းအုပ်စုနှင့် အစုအဖွဲ့များ၊ အလတ်စား စီးပွားရေးလုပ်ငန်းအုပ်စုနှင့် အစုအဖွဲ့များအလိုက် လိုအပ်သည့် ဆပ်ကော်မတီများနှင့် လုပ်ငန်းအလိုက်အစုအဖွဲ့ များအား လိုအပ်သလို ထပ်မံဖွဲ့စည်းခြင်း ဆောင်ရွက်ရန်တို့ ပါဝင်ပါတယ်ရှင့်။

ဒီလို ဖွဲ့စည်းပေးထားတဲ့ ဗဟိုကော်မတီ လုပ်ငန်းတာဝန်များမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ပြဋ္ဌာန်းရေးလုပ်ငန်းစဉ်ပါဝင်တဲ့အတွက်ကြောင့်မို့လို့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ်ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ လုပ်ငန်းရှင်များပူးပေါင်း၍ စတင်ရေးဆွဲနေပြီ ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတကိုယ်တိုင်ကလည်း လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ဒုသမ္မတ မိန့်မှာသွားတဲ့ကိစ္စတွေကိုလည်း တင်ပြပြီးဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း ကာလတို၊ ကာလရှည်နဲ့ ဒီ မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲရာတွင်လည်း အဓိကကျတဲ့ အချက်များ

အပြင် လုပ်ငန်းသစ်များ အစပျိုးနိုင်ရန် အခက်အခဲ အတားအဆီးများ ဖယ်ရှားပေးခြင်း၊ ရင်းနှီးမတည်ငွေ စီးဝင်စေခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းများ အားကောင်းစေခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိ အသုံးပြုနိုင်မည့် ကွန်ရက်စနစ်များ အားကောင်းစေခြင်းတို့အတွက်လည်း ဒီအာဆီယံနဲ့ပူးပေါင်းပြီးတော့ ကျွန်မတို့ ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံလွှတ်လပ်သော ကုန်သွယ်မှုဒေသနှင့် အာဆီယံအသိုက်အဝန်းတို့မှာ မြန်မာနိုင်ငံရဲ့ SME လုပ်ငန်းများပါဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်ထားပြီးတော့မှ အဲဒီ မဟာဗျူဟာတွေကတော့ စွန့်ဦး တီထွင်လုပ်ငန်းရှင်များကို တိုက်ရိုက်အကူအညီပေးရေး မဟာဗျူဟာ၊ ဈေးကွက်နှင့် ထုတ်လုပ်မှု ပတ်ဝန်းကျင်ကောင်း ဖန်တီးရေးမဟာဗျူဟာ၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးမဟာဗျူဟာ၊ နည်းပညာလွှဲပြောင်း ရယူခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရေးမဟာဗျူဟာ၊ ဈေးကွက်ဝင် အရည်အသွေးရှိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးမဟာဗျူဟာ၊ ပြည်တွင်းပြည်ပ ဈေးကွက် ချဲ့ထွင်ဆောင်ရွက်ရေး မဟာဗျူဟာနှင့် အရင်းအနှီး ပံ့ပိုးကူညီရေး မဟာဗျူဟာတို့ပါဝင်ပါတယ်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့အတွက် ဒီအချက် ကျွန်မ ဆက်လက်ပြီးတော့ ဒီ နည်းပညာပံ့ပိုးရေးကိစ္စ၊ ရန်ပုံငွေထူထောင်ရေးကိစ္စ၊ SME Centre ဖွင့်ရေး၊ Vocational Training Centre ဖွင့်ရေးကိစ္စ၊ Research and Development Centre ဖွင့်ရေးကိစ္စ၊ လျှော့်စစ်မူဝါဒများ SME ကို ပံ့ပိုးတဲ့ လျှော်စစ် မူဝါဒများ ချမှတ်ရေး၊ ဘဏ္ဍာရေးမူဝါဒများဟာ အသေးစားချေးငွေစနစ်ကို အာမခံတဲ့ စနစ်ပါတဲ့ မူဝါဒများဖြစ်ရေး၊ လက်လီလက်ကား Logistics နှင့် Supply Chain များ ပါဝင်ရေး၊ စိုက်ပျိုးရေးမှာ Quality ရှိတဲ့ ဒီထုတ်ကုန်များထုတ်ရေးနဲ့ အထွက်တိုးရေး ကိစ္စများ၊ ပြည်တွင်းအသေးစား လက်မှုလုပ်ငန်းများ ဖော်ထုတ်ရေးအတွက်လည်းကောင်း၊ ဒီ ထည့်သွင်းပြီးတော့မှ မဟာဗျူဟာများမှာ ထည့်သွင်းရေးဆွဲသွားမှာ ဖြစ်တဲ့ကြောင်း တင်ပြလိုပါတယ်။

နောက် ERIA ဆိုတဲ့ အာဆီယံနဲ့ တွဲလျက်ရှိတဲ့ သုတေသနအဖွဲ့နဲ့လည်း မြန်မာနိုင်ငံက ရန်ကုန်စီးပွားရေးတက္ကသိုလ်ဟာ သုတေသန Centre အဖြစ် ကျွန်မတို့ ဒီ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့မှ ဒီ ကျွန်မတို့ကော်မတီ (၁၅)ခုနဲ့ အချိတ်အဆက်မိစွာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအမှတ် (၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မှ အဆိုပြုလာတဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၁၅ ခုနှစ်မှာ SME များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အရေးကြီးသော မူဝါဒများကို ဆောလျှင်စွာ ချမှတ်ရန်အဆိုအပေါ် နိုင်ငံတော်အကျိုးစီးပွားကို SME ကဏ္ဍ ဦးဆောင် နိုင်သည့်အခြေအနေသို့ ရောက်ရှိရေး၊ အာဆီယံအတွင်း လွတ်လပ်သော ကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က မူဝါဒချမှတ်ပြီး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး များမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းကာ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အကာအကွယ်ပေးရေးအတွက်လည်းကောင်း၊ AEC ၂၀၁၅ ခု အလွန်နှစ်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက်လည်းကောင်း၊ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၂း၃၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အာဆီယံ၏ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော SME များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကို ဆောလျင်စွာ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ ပါမယ်။

လွှတ်တော်၏အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် (၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ (၁၃၈)၊ ကန့်ကွက် ( ၃၇ )၊ ကြားနေ (၁၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၀)ရက်မြောက်နေ့အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက် နေ့အစီအစဥ် ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက် နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစည်း အဝေးကို (၁၂း၄၀ ) နာရီအချိန်တွင် ရပ်နားပါသည်။ ]